# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊ နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇) ၊ အမှတ်(၂၀၇) ၊ ၁၃၈၆ ခုနှစ် ၊ နယုန်လပြည့်ကျော် ၈ ရက်၊ ၂၉-၆-၂၀၂၄ ၊ စနေနေ့ ။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

အကြောင်းတရားတို့သည် ပြုပြင်အပ်ကုန်သော အလုံးစုံသော ရုပ်နာမ်တို့သည်(လောက၌ ရှိရှိသမျှ အားလုံးတို့သည်)အမြဲမရှိကုန်ဟု ပညာဖြင့် အမှန်သိမြင်သောအခါ သံသရာဝဋ်ဆင်းရဲ၌ ငြီးငွေ့၏။ ဤသို့ ငြီးငွေ့ခြင်းသည် ကိလေသာစင်ကြယ်သော နိဗ္ဗာန်သို့ သွားရာလမ်းဖြစ်၏။ (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ကျင်းပရေးဦးစီးကော်မတီ ဒုတိယအကြိမ် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ကျင်းပရေးဦးစီးကော်မတီ ဒုတိယအကြိမ်အစည်းအဝေး ကျင်းပ

## အမျိုးသားအားကစားပွဲတော်သည် နိုင်ငံ့ဂုဏ်ဆောင် မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာရေး ရည်ရွယ်ကျင်းပခြင်းဖြစ်သည့်အတွက် ပါဝင်ယှဉ်ပြိုင်ကြမည့် အားကစားသမားများအနေဖြင့် အားကစားစိတ်ဓာတ်အပြည့်ဖြင့်ယှဉ်ပြိုင်ပြီး အောင်မြင်မှုများရရှိအောင် ကြိုးစား

နေပြည်တော် ဇွန် ၂၈

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ကျင်းပရေးဦးစီးကော်မတီ ဒုတိယအကြိမ်အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိအားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ကျင်းပရေးဦးစီးကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ စာမျက်နှာ ၃ သို့ ❖

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**(၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၈ ရက်နေ့ ည(၇:၀၀)နာရီအချိန် ထုတ်ပြန်ချက်)**

**မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း(၈၀) ဖြစ်ပါသည်။

မိုး/ဇလ

## ယနေ့ ဖတ်စရာအညွှန်း


**အန်ဒိုရိအား ခေါ်ယူရန် မန်ချက်စတာယူနိုက်တက်အသင်း စိစဉ်**

စာမျက်နှာ ၁၁

**ရက်ရောသူတို့၏ အာရုံဖြစ်စဉ် ထူးခြားပုံအကြောင်း နယ်သာလန်သိပ္ပံပညာရှင်များ ဖော်ထုတ်တွေ့ရှိ**

စာမျက်နှာ ၁၆

၂၀၂၄ ခုနှစ်၊ ဇွန် ၂၉ ရက်၊ စနေနေ့။

မန္တလေး နေ့စဉ်

# အိုဇုန်းလွှာနှင့် ရာသီဥတုစနစ် မထိခိုက်စေရေး ဆောင်ရွက်လျက်ရှိ

၂၀၂၄ ခုနှစ် ကမ္ဘာ့အအေးပေးပစ္စည်းများနေ့ အထိမ်းအမှတ်ဆောင်ပုဒ်မှာ "အပူချိန်ထိန်းညှိနည်းပညာတိုးတက်ရေး အလေးထားဆောင်ရွက်ပေး" "Temperature Matters.... Absolutely!" ဖြစ်သည်။ အပူချိန်အခြေအနေအမျိုးမျိုး ဖြစ်ပျက်နေသည့် ကမ္ဘာ့နေရာဒေသအသီးသီးတွင် ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန် အစဉ်တစိုက်ကြိုးစားနေကြသည့် လူသားများ၏ စွမ်းအင်ချွေတာခြင်းနှင့် အိုဇုန်းလွှာနှင့် ရာသီဥတုစနစ်ကို မထိခိုက်စေနိုင်သော အပူချိန်ထိန်းညှိနည်းပညာများ ကြိုးစားတီထွင်မှုကို အသိအမှတ်ပြုခြင်း၊ ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုနှင့် လူသားတို့၏ သက်တောင့်သက်သာနေထိုင်လိုမှုတို့အကြား ပတ်ဝန်းကျင်ထိခိုက်မှုသက်သာစေသော နည်းလမ်းများနှင့် အပူချိန်ကို လိုအပ်သလို ထိရောက်စွာထိန်းညှိအသုံးပြုနိုင်သော နည်းပညာ၏ အရေးပါမှုနှင့် အပူချိန်ထိန်းညှိခြင်းနည်းပညာကို အသုံးပြုပြီး အအေးပေးစက်ပစ္စည်းများ ထုတ်လုပ်နေသော စက်မှုလုပ်ငန်းများ၏ အရေးပါမှုအခန်းကဏ္ဍကို မီးမောင်းထိုးအသိပညာပေးရန် ရည်ရွယ်ပါကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူက ဇွန် ၂၇ ရက် နံနက်ပိုင်းတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၌ ကျင်းပသည့် ၂၀၂၄ ခုနှစ် ကမ္ဘာ့အအေးပေးပစ္စည်းများနေ့ အထိမ်းအမှတ်အခမ်းအနား၌ ပြောကြားခဲ့သည်။

ဒုတိယဝန်ကြီးက ဆက်လက်ပြောကြားရာတွင် မြန်မာနိုင်ငံအနေဖြင့် အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများ၊ ကမ္ဘာ့ပူနွေးမှုအလားအလာမြင့်မားသော ဒြပ်ပစ္စည်းများအသုံးပြုသည့် အအေးပေးစက်များအား ပြည်ပသို့ တင်ပို့ခြင်းမရှိသေးဘဲ ပြည်တွင်းသို့သာ တင်သွင်းအသုံးပြုနေသည့် နိုင်ငံဖြစ်ပါကြောင်း၊ အိုဇုန်းလွှာ၏ အရေးပါပုံကို သိရှိနားလည်တန်ဖိုးထားပြီး အိုဇုန်းလွှာကာကွယ်ရေးဆိုင်ရာ ကတိကဝတ်များနှင့်အညီ အိုဇုန်းလွှာပျက်စီးစေသည့် ဒြပ်ပစ္စည်းများ တင်သွင်းမှု၊ တင်ပို့မှု၊ သုံးစွဲမှုဆိုင်ရာ ကန့်သတ်ချက်များအား လိုက်နာဆောင်ရွက်လျက်ရှိပါကြောင်း၊ ခေတ်မီအပူချိန်ထိန်းညှိနည်းပညာသည် စွမ်းအင်ချွေတာခြင်းနှင့် ထိရောက်စွာအသုံးပြုခြင်းသာမက မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လုပ်မှု လျော့နည်းစေသည့်အတွက် အပူပေးသို့မဟုတ် အအေးပေးပစ္စည်းများ ထုတ်လုပ်သည့် စက်ရုံများအနေဖြင့် ၎င်းနည်းပညာကို အသုံးပြုခြင်းသည် ရာသီဥတုပြောင်းလဲမှုကို ရင်ဆိုင်ဖြေရှင်းရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါကြောင်း၊ ထို့ကြောင့် အအေးပေးနည်းပညာနှင့် သက်ဆိုင်သောလုပ်ငန်းများတွင် တိုးတက်လာသည့် ခေတ်ရေစီးကြောင်းနှင့်အညီ အမီလိုက်ပြီး တွေးခေါ်နိုင်သည့် ပညာရှင်များအား အလုပ်ခန့်ထားရန်၊ ကျောင်း၊ ကောလိပ်၊ တက္ကသိုလ်များတွင်လည်း နည်းပညာအသစ်များ သင်ကြားရေးနှင့် အအေးပေးနည်းပညာလုပ်ငန်းများ ဆက်လက်ရပ်တည်နိုင်ရေး ဖန်တီးပေးနိုင်ရန် အထူးပင်လိုအပ်ပါကြောင်းနှင့် အနာဂတ်တွင် အပူချိန်ထိန်းညှိနည်းပညာ တိုးတက်စေရန်၊ တိုးတက်လာသည့် နည်းပညာများအား အစဉ်လေ့လာပြီး အိုဇုန်းလွှာနှင့် ရာသီဥတုစနစ် မထိခိုက်စေရေး စနစ်တကျအသုံးချနိုင်ရန်အတွက် မိမိတို့ဌာနဆိုင်ရာများသာမက လုပ်ငန်းရှင်များနှင့် ပြည်သူလူထုမှ အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း အလေးအနက်တိုက်တွန်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံသည် အအေးပေးနည်းစနစ်များတွင် အသုံးပြုနေသည့် အအေးပေးဒြပ်ပစ္စည်းများကြောင့် အိုဇုန်းလွှာထိခိုက်ပျက်စီးမှု၊ ရာသီဥတုစနစ်ထိခိုက်စေမှုများအား လျော့နည်းစေရန် ကမ္ဘာ့နိုင်ငံအသီးသီးနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။



# ပုသိမ်ကြီးမြို့နယ်တွင် ဧရာဝတီမြစ်အတွင်း ငါးမျိုးစိတ်များ စိုက်ထည့်

မန္တလေး ဇွန် ၂၈

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်ရှိ ဧရာဝတီမြစ်၊ ညောင်ကွဲဆိပ်ကမ်းတွင် ငါးမျိုးစိတ်စိုက်ထည့်ခြင်းအခမ်းအနားကို ယနေ့ နံနက် ၈ နာရီက ညောင်ကွဲဆိပ်ကမ်းတွင် ကျင်းပပြုလုပ်သည်။

အခမ်းအနားသို့ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဦးခင်မောင်ထွန်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဒေါက်တာအောင်ဆွေ၊ အဖွဲ့ဝင်(၂)၊ ဦးတင်မောင်ဝင်း၊ ခရိုင်လဝကမှူး ဦးသန်းထွန်းအောင်၊ ခေတ္တခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းလွင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဦး၊ အဖွဲ့ဝင်(၂)ဦးညွန့်ဆန်း၊ သရက်ကုန်းစခန်း တာဝန်ခံ ဦးထွန်းနောင်ဝင်း၊ နတ်ရေကန်စခန်း တာဝန်ခံ ဒေါ်စန်းစန်းဦးနှင့် စခန်းဝန်ထမ်းများ တက်ရောက်ကြသည်။

အဆိုပါ ငါးမျိုးစိတ် စိုက်ထည့်ခြင်းအခမ်းအနားတွင် တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဧရာဝတီမြစ်အတွင်းသို့ ငါးမြစ်ချင်း(၂)သိန်း၊ ရွှေဝါ ငါးကြင်း(၂)သိန်း၊ ငါးခုံးမ(၂)သိန်း၊ စုစုပေါင်း (၆)သိန်း ငါးမျိုးစိတ်များကို စိုက်ထည့်ပေးကြကြောင်း သိရသည်။

(၀၉၃)

# ချောင်းကြီး၊ မြောင်းကြီးများ ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများကို နေ့စဉ်ဆောင်ရွက်လျက်ရှိ

မန္တလေး ဇွန် ၂၈

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်အတွင်းရှိ ချောင်းကြီး၊ မြောင်းကြီးများ ရေအရည်အသွေးကောင်းမွန်ရေး၊ ရေစီးရေလာကောင်းမွန်ရေးနှင့် သန့်ရှင်းသာယာရေးအတွက် လုပ်ငန်းကော်မတီဖွဲ့စည်း၍ အဖွဲ့ခေါင်းဆောင်နှင့် သန့်ရှင်းရေးဌာန၊ ရေနှင့် သန့်ရှင်းမှုဌာန၊ စည်ပင်သာယာမြို့နယ်အုပ်ချုပ်ရေးမှူးများပါဝင်သည့်အဖွဲ့သည် သက်ဆိုင်ရာဌာနများမှ လူအင်အား၊ စက်ယန္တရားများအသုံးပြု၍ ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများကို နေ့စဉ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ လုပ်ငန်းများဆောင်ရွက်ရာတွင် ယမန်နေ့က အောင်မြေသာစံမြို့နယ် သန့်ရှင်းရေးဌာန တာဝန်ရှိသူများသည် ရေနီမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ၁၇ လမ်းနှင့် ၁၉ လမ်းကြားတွင် တပ်ဆင်ထားသည့် အမှိုက်စစ်ဆန်ခါများမှ ဒိုက်နှင့် အမှိုက်များကို လုပ်သားများက ဆယ်ယူရှင်းလင်းခြင်းနှင့် ရွှေတချောင်းမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် မြောင်းအတွင်းမှ အမှိုက်နှင့် ဒိုက်စာများကို လုပ်သားများက ၁၀ လမ်းနှင့် ၁၁ လမ်းကြား၌ ဆယ်ယူရှင်းလင်းဆောင်ရွက်ကြသည်။ ချမ်းအေးသာစံမြို့နယ် သန့်ရှင်းရေးဌာန တာဝန်ရှိသူများသည် ပြည်ကြီးမျက်မှန်ရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၆၈ လမ်းအရှေ့ဘက်ခြမ်းမြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို လုပ်သားများက ၂၈ လမ်းနှင့် ၂၉ လမ်းကြား၌ ဆယ်ယူရှင်းလင်းခြင်း၊ မောရဂီဝါရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၇၆ လမ်းအရှေ့ဘက်ခြမ်းမြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို E-35 ဘက်ဟိုးစက်အသုံးပြု၍ ၃၁ လမ်းနှင့် ၃၃ လမ်းကြား၌ ဆယ်ယူရှင်းလင်းခြင်းနှင့် ငွေတချောင်းမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ၆၄ လမ်းနှင့် ၆၅ လမ်းကြားမြောင်းအတွင်းမှ အမှိုက်နှင့် ဒိုက်များကို လုပ်သားများက ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။ မဟာအောင်မြေမြို့နယ် သန့်ရှင်းရေးဌာန တာဝန်ရှိသူများသည် ၃၆ လမ်းမြောက်ဘက်ခြမ်းမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် မြောင်းအတွင်းမှ မြောင်းစာနှင့် အမှိုက်များကို Hitachi ဘက်ဟိုးစက်အသုံးပြု၍ ၆၂ လမ်းနှင့် ၆၃ လမ်းကြား၌ ဆယ်ယူရှင်းလင်းဆောင်ရွက်ကြသည်။ ချမ်းမြသာစည်မြို့နယ် သန့်ရှင်းရေးဌာန တာဝန်ရှိသူများသည် မြို့သစ်(၁)ရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၆၂ A လမ်းအရှေ့ဘက်ခြမ်းမြောင်းအတွင်းမှ အမှိုက်နှင့် ဒိုက်စာများကို လုပ်သားများက ၁၀၃ လမ်းနှင့် ၁၀၃A လမ်းကြား၌ ဆယ်ယူရှင်းလင်းခြင်း၊ ၆၉ လမ်းအရှေ့ဘက်ခြမ်းမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် မြောင်းအတွင်းမှ မြောင်းစာနှင့် အမှိုက်များကို လုပ်သားများက ၁၁၁ လမ်းနှင့် ၁၁၂ လမ်းကြား၌ ဆယ်ယူရှင်းလင်းခြင်း၊ အောင်ပင်လယ်ရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ပန်းရုံတော်ချောင်းအတွင်းမှ ဒိုက်နှင့် နွံများကို Sunton စက်အသုံးပြု၍ ၁၀၄A လမ်းတံတားနှင့် ၁၀၅ လမ်းဘုရင့်နောင်တံတားကြား ဆယ်ယူရှင်းလင်းခြင်းနှင့် မြို့သစ်(၁) ရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် သိပ္ပံလမ်းတောင်ဘက်ခြမ်းမြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို Takeuchi-4 ဘက်ဟိုးစက်အသုံးပြု၍ ၆၅ လမ်းနှင့် ၆၅A လမ်းကြား၌ ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။ ပြည်ကြီးတံခွန်မြို့နယ် သန့်ရှင်းရေးဌာန တာဝန်ရှိသူများသည် (ဈ)ရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၁၃၄ လမ်းတောင်ဘက်ခြမ်းမြောင်းအတွင်းမှ မြောင်းစာမြေသားများကို E-35 ဘက်ဟိုးစက်အသုံးပြု၍ ၅၇ လမ်းနှင့် ၅၇A လမ်းကြား၌ တူးဖော်ဆောင်ရွက်ပေးခြင်း၊ (စ) ရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၅၈C လမ်းအရှေ့ဘက်ခြမ်းမြောင်းအတွင်းမှ မြောင်းစာနှင့် အမှိုက်များကို Takeuchi ဘက်ဟိုးစက်အသုံးပြု၍ ၁၂၇ လမ်းနှင့် ၁၂၈ လမ်းကြား၌ ဆယ်ယူရှင်းလင်းခြင်း၊ ၆၁ လမ်းအနောက်ဘက်ခြမ်းမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် မြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို လုပ်သားများက ၁၁၅ လမ်းနှင့် A-1 လမ်းကြား၌ ဆယ်ယူရှင်းလင်းခြင်းနှင့် (၁၁) စည်ပင်ဝန်ထမ်းအိမ်ရာဝင်းအတွင်းရှိ တိုက်ခန်း E နှင့် F ဆောင်ရှေ့မြောင်းအတွင်းမှ မြောင်းစာနှင့် အမှိုက်များကို လုပ်သားများက ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။ အမရပူရမြို့နယ် သန့်ရှင်းရေးဌာန တာဝန်ရှိသူများသည် ဈေးချိုရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် စစ်ကိုင်း-မန္တလေးလမ်း၊ အောင်မြရွှေဘုံကျောင်းတောင်ဘက်မြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို လုပ်သားများက ဆယ်ယူရှင်းလင်းဆောင်ရွက်ကြပြီး မြို့နယ်အလိုက် ဆယ်ယူထားသည့် အမှိုက်နှင့် မြောင်းစာများကို မော်တော်ယာဉ်များဖြင့် သိမ်းဆည်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ (မန္တလေးနေ့စဉ်-၃)



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

- ဝန်ကြီးဌာနများနှင့် ပြည်နယ်၊ တိုင်းဒေသကြီး ကိုယ်စားပြုအသင်းများမှ တာဝန်ရှိသူများကလည်း အားကစားနည်းများအလိုက် စနစ်တကျလေ့ကျင့်ပေးရန်လို
- အလားတူ ပြိုင်ပွဲများကိုကြီးကြပ်ဆောင်ရွက်ကြမည့် ဒိုင်၊ ဂျူရီများအနေဖြင့် ဘက်လိုက်မှုကင်းကင်းနှင့် တရားမျှတစွာဆုံးဖြတ်ဆောင်ရွက်ကြရန်၊ အားကစားပြိုင်ပွဲများ ပြိုင်ဆိုင်မှုပြင်းထန်သည့်အတွက် အငြင်းပွားဖွယ်ရာကိစ္စရပ်များ ပေါ်ပေါက်လာပါက ခုံသမာဓိအဖွဲ့များက စနစ်တကျကြီးကြပ်ဆုံးဖြတ်နိုင်ရေး စီမံဆောင်ရွက်ထားကြရန်လို
- အမျိုးသားအားကစားပွဲတော်ကြီး အနှစ်သာရရှိရှိ၊ ရည်မှန်းချက်များအတိုင်း အောင်မြင်စွာကျင်းပနိုင်ရေး ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီ၊ သက်ဆိုင်ရာဆပ်ကော်မတီများနှင့် ဝန်ကြီးဌာနများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများအနေဖြင့် အလေးထားလိုက်နာဆောင်ရွက်

❖ ရှေ့ဖုံးမှ

ဦးစွာ ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက အမှာစကားပြောကြားရာတွင် အားကစားဆိုသည့် ဝေါဟာရကို နိုင်ငံတကာအဘိဓာန်များက **"ယှဉ်ပြိုင်မှုရှိသော ရုပ်ပိုင်းဆိုင်ရာ ပြုမူဆောင်ရွက်မှုပုံစံအားလုံးကို အားကစား"**ဟု အဓိပ္ပာယ်ဖွင့်ဆိုကြကြောင်း၊ အားကစား၏ ရည်မှန်းချက်သည် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်မှုကို ရှေးရှုသည်ဆိုသော်လည်း ယခုအခါ အားကစားသည် တစ်ဦးချင်းယှဉ်ပြိုင်ရသည့် ပြိုင်ပွဲမှသည် လူပေါင်းရာထောင်ချီပါဝင်သည့် ပြိုင်ပွဲများ၊ ကျေးလက်အဆင့် အားကစားပြိုင်ပွဲများမှသည် ကမ္ဘာနှင့်ချီသည့် အိုလံပစ်ပြိုင်ပွဲများအထိ ကျင်းပလျက်ရှိနေပြီဖြစ်ကြောင်း၊ အားကစားအောင်မြင်မှုသည် နိုင်ငံနှင့် လူမျိုး၏ ဂုဏ်သိက္ခာကို နိုင်ငံတကာအလယ်တွင် ထည်ဝါခံ့ညားစေခြင်းဖြစ်သည့်အတွက် "အားကစားပြိုင်ပွဲများကို လက်နက်မပါသောတိုက်ပွဲများ"ဟု တင်စားလာနေကြပြီဖြစ်ကြောင်း။

## လမ်းညွှန်ထား

ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အားကစားအဆင့်အတန်း မြင့်မားဖွံ့ဖြိုးတိုးတက်ရေးကို အဘက်ဘက်က အားပေးပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင်ကလည်း **"အားကစားဆောင်ရွက်ခြင်းသည် မျိုးချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်များနှင့် အမျိုးသားရေးစရိုက်လက္ခဏာတို့ကို ရှင်သန်ထက်မြက်စေပြီး တစ်မျိုးသားလုံး၏ ကျန်းမာကြံ့ခိုင်ရေးကိုလည်း ဖြစ်ပေါ်စေနိုင်သည့်အတွက် အားကစားနှင့်ပတ်သက်ပါက အားပေးဆောင်ရွက်ရမည်"**ဟု လမ်းညွှန်ထားရှိကြောင်း၊ ယခုပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီး ကျင်းပပေးခြင်းသည် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ရည်ရွယ်ချက်(၅)ရပ် သတ်မှတ်ပြီး ကျင်းပခြင်းဖြစ်သည့်အတွက် ယနေ့အစည်းအဝေးကို တက်ရောက်လာကြသည့် တာဝန်ရှိသူများအနေဖြင့် ပြိုင်ပွဲကြီး အောင်အောင်မြင်မြင်နှင့် ခမ်းနားထည်ဝါစွာကျင်းပနိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးနှင့် အမျိုးသားရေးစိတ်ဓာတ်တို့ကို ဖော်ညွှန်းသည့် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့၊ မျိုးချစ်စိတ်ဓာတ်နှင့် နိုင်ငံ့အရေးတို့ကို ဖော်ကျူးသည့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကဲ့သို့ နိုင်ငံတော်အဆင့် အခမ်းအနားကြီးများကို အောင်အောင်မြင်မြင် ခမ်းခမ်းနားနား ကျင်းပနိုင်ခဲ့သလို ဘာသာသာသနာတော်နှင့်စပ်လျဉ်း၍လည်း မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်မှုကိုလည်း ကမ္ဘာသိကျက်သရေမင်္ဂလာနှင့် တင့်တယ်သော ဂုဏ်ထူးဝိသေသများနှင့်အတူ ခမ်းနားထည်ဝါစွာ ကျင်းပနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ အလားတူ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်သန်စွမ်းသော မျိုးဆက်သစ် ပညာတတ်လူငယ်လူရွယ်များ အနာဂတ်နိုင်ငံတော်တွင် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်နိုင်ရေး ရည်ရွယ်လျက် တစ်မျိုးသားလုံးနှင့် သက်ဆိုင်သည့် အမျိုးသားအားကစားပွဲတော်ကြီးကိုလည်း ယခင်ကျင်းပခဲ့သည့် နိုင်ငံတော်အဆင့် အခမ်းအနားများနည်းတူ ခမ်းနားထည်ဝါစွာ ကျင်းပရန် နိုင်ငံတော်အကြီးအကဲက လမ်းညွှန်ထားသည့်အတွက် ယခုအစည်းအဝေးကို တက်ရောက်လာကြသည့် ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများမှ တာဝန်ရှိသူများအနေဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ကျင်းပရေးဦးစီးကော်မတီ ပထမအကြိမ် အစည်းအဝေးတွင် ကော်မတီများမှ တာဝန်ရှိသူများက လိုအပ်သည့် အကြံပြုဆွေးနွေးတင်ပြချက်များအပေါ် လုပ်ငန်းလမ်းညွှန်ချက်များ ချမှတ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ထို့ပြင် ပြိုင်ပွဲတစ်ခုလုံးနှင့် ပတ်သက်သည့် ကုန်ကျစရိတ်၊ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနား၊ ပြိုင်ပွဲပုံစံ၊ ပြိုင်ပွဲအားကစားနည်းများနှင့် အထိမ်းအမှတ်အရုပ်သတ်မှတ်ရေး စသည့်ကိစ္စရပ်များကိုယခုအစည်းအဝေးတွင် ဆွေးနွေးသွားကြရန်လိုကြောင်း၊ အလားတူ အမျိုးသားအားကစားပွဲတော်တွင် မသန်စွမ်းအားကစားပြိုင်ပွဲများနှင့် ပြိုင်ပွဲတွင် ရွှေ၊ ငွေ၊ ကြေးဆုတံဆိပ်ရရှိသူများကို ဆုချီးမြှင့်ရာတွင် ဆုတံဆိပ်အပြင် နိုင်ငံတကာအားကစားပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားတွင် ပေးအပ်လေ့ရှိသည့် လာဘ်ကောင် (MASCOT)ကို ပူးတွဲပေးအပ်နိုင်ရေးတို့ကိုလည်း မူအနေဖြင့်ရရှိပြီးဖြစ်၍ဆွေးနွေးပေးကြရန်လိုကြောင်း။

ယခုကျင်းပမည့် အမျိုးသားအားကစားပွဲတော်သည် နိုင်ငံ့ဂုဏ်ဆောင် မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာရေးရည်ရွယ်ပြီး ကျင်းပခြင်းဖြစ်သည့်အတွက် ပါဝင်ယှဉ်ပြိုင်ကြမည့် အားကစားသမားများအနေဖြင့် ချမှတ်ထားသည့် စည်းကမ်းသတ်မှတ်ချက်၊ အသက်ကန့်သတ်ချက်နှင့် အားကစားနည်းစနစ်များကို အသေးစိတ်လေ့လာ ပြင်ဆင်ဆောင်ရွက်ကြရန်၊ ပြိုင်ပွဲများယှဉ်ပြိုင်သည့်အခါ အားကစားစိတ်ဓာတ်အပြည့်ဖြင့်ယှဉ်ပြိုင်ပြီး အောင်မြင်မှုများရရှိအောင် ကြိုးစားဆောင်ရွက်သွားရန်နှင့် ဝန်ကြီးဌာနများနှင့် ပြည်နယ်၊ တိုင်းဒေသကြီး ကိုယ်စားပြုအသင်းများမှ တာဝန်ရှိသူများကလည်း အားကစားနည်းများအလိုက် စနစ်တကျလေ့ကျင့်ပေးရန်လိုကြောင်း၊ အလားတူပြိုင်ပွဲများကို ကြီးကြပ်ဆောင်ရွက်ကြမည့် ဒိုင်၊ ဂျူရီများအနေဖြင့် ဘက်လိုက်မှုကင်းကင်းနှင့် တရားမျှတစွာ ဆုံးဖြတ်ဆောင်ရွက်ကြရန်၊ အားကစားပြိုင်ပွဲများ ပြိုင်ဆိုင်မှုပြင်းထန်သည့်အတွက် အငြင်းပွားဖွယ်ရာကိစ္စရပ်များ ပေါ်ပေါက်လာပါက ခုံသမာဓိအဖွဲ့များက စနစ်တကျကြီးကြပ်ဆုံးဖြတ်နိုင်ရေး စီမံဆောင်ရွက်ထားကြရန်လိုကြောင်း။

## အလေးထားလိုက်နာ

အမျိုးသားအားကစားပွဲတော်ကြီး အနှစ်သာရရှိရှိ၊ ရည်မှန်းချက်များအတိုင်း အောင်မြင်စွာကျင်းပနိုင်ရေး ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီ၊ သက်ဆိုင်ရာ ဆပ်ကော်မတီများနှင့် ဝန်ကြီးဌာနများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများအနေဖြင့် အလေးထားလိုက်နာဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

ထို့ပြင် အမျိုးသားအားကစားပွဲတော်ကြီး ကျင်းပနေဆဲကာလအတွင်း လုံခြုံရေးကျိုးပေါက်မှုမရှိစေရေးသည် အရေးကြီးဆုံးဖြစ်သည့်အတွက် အားလုံးက လုံခြုံရေးအသိ၊ လုံခြုံရေးသတိနှင့် အလေးထား လိုက်နာဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ပြိုင်ပွဲကာလအတွင်း ပါဝင်ယှဉ်ပြိုင်ကြမည့် အားကစားသမားများ တည်းခိုကြမည့်နေရာများတွင် စနစ်တကျရှိစေရေး၊ စိတ်အေးချမ်းသာစွာ ပါဝင်ယှဉ်ပြိုင်နိုင်ရေး၊ နေထိုင်စားသောက်ရေး၊ လုံခြုံရေး၊ ကျန်းမာရေးနှင့်သယ်ယူပို့ဆောင်ရေး စသည့်ကိစ္စရပ်များတွင် ဆပ်ကော်မတီအလိုက် တာဝန်ရှိသူများအနေဖြင့် အသေးစိတ်စီမံဆောင်ရွက်သွားကြရန်လိုကြောင်း။

ယခုကျင်းပမည့် အမျိုးသားအားကစားပွဲတော်ကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့များ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များ၊ မြန်မာ့လက်ရွေးစင်အားကစားသမားဟောင်းကြီးများ၊ NGO အဖွဲ့အစည်းများ၊ မီဒီယာလောကသားများအပါအဝင် ပြည်သူလူထုတစ်ရပ်လုံးက တစ်ဦးချင်းတစ်ယောက်ချင်း ကျရာအခန်းကဏ္ဍအလိုက် အမျိုးသားရေးအသိစိတ်ဓာတ်နှင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်၊ တာဝန်ယူဆောင်ရွက်ကြမည့် လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများအနေဖြင့် စီမံချက်ပါ လုပ်ငန်းတာဝန်များ အောင်မြင်ပြီးမြောက်စေရေး ကြိုးပမ်းဆောင်ရွက်သွားရန်နှင့် မမျှော်မှန်းနိုင်သည့်ကိစ္စရပ်များ ပေါ်ပေါက်လာပါကလည်း အရန်အနေဖြင့် ဖြေရှင်းနိုင်ရန် စီမံချက်တွင်ထည့်သွင်း၍ ဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ ပြိုင်ပွဲအမျိုးအစား သတ်မှတ်ခြင်းနှင့် ပြိုင်ပွဲအစီအစဉ်များ၊ ဆုချီးမြှင့်မည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကျင်းပရေးကော်မတီဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဒုတိယဝန်ကြီးတို့က ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲ/ ပိတ်ပွဲ အခမ်းအနားများကို ခေတ်ကာလနှင့်လျော်ညီစွာ နိုင်ငံတော်အဆင့် ခမ်းနားထည်ဝါစွာ ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်သွားမည့် အစီအစဉ်လျာထားချက်များနှင့် အမျိုးသားအားကစားပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

## ရှင်းလင်းဆွေးနွေးတင်ပြ

ဆက်လက်၍ ပို့ဆောင်ဆက်သွယ်ရေးဆပ်ကော်မတီ၊ လုံခြုံရေးဆပ်ကော်မတီ၊ ဘဏ္ဍာရေးနှင့် ဆုချီးမြှင့်ရေးဆပ်ကော်မတီ၊ သတင်းထုတ်ပြန်ရေးနှင့် မှတ်တမ်းတင်ရေးဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီ၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ၊ အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီ၊ စာရင်းစစ်ဆေးရေးဆပ်ကော်မတီ၊ ပြိုင်ပွဲကျင်းပရေးနှင့် နည်းစနစ်ဆပ်ကော်မတီ၊ တည်းခိုနေထိုင်ရေးနှင့် ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီနှင့် ခုံသမာဓိဆပ်ကော်မတီတို့မှ ဥက္ကဋ္ဌများဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊ ဒုတိယစာရင်းစစ်ချုပ်နှင့် ညွှန်ကြားရေးမှူးချုပ်တို့က ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော်အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍများအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်သွားကြမည့်အစီအမံများကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ရှင်းလင်းဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

သတင်းစဉ်

- အမျိုးသားအားကစားပွဲတော်ကြီး ကျင်းပနေဆဲကာလအတွင်း လုံခြုံရေးကျိုးပေါက်မှုမရှိစေရေးသည် အရေးကြီးဆုံးဖြစ်သည့်အတွက် အားလုံးက လုံခြုံရေးအသိ၊ လုံခြုံရေးသတိနှင့် အလေးထားလိုက်နာဆောင်ရွက်ကြရန်လိုအပ်
- ပြိုင်ပွဲကာလအတွင်း ပါဝင်ယှဉ်ပြိုင်ကြမည့် အားကစားသမားများ တည်းခိုကြမည့်နေရာများတွင် စနစ်တကျရှိစေရေး၊ စိတ်အေးချမ်းသာစွာ ပါဝင်ယှဉ်ပြိုင်နိုင်ရေး၊ နေထိုင်စားသောက်ရေး၊ လုံခြုံရေး၊ ကျန်းမာရေးနှင့် သယ်ယူပို့ဆောင်ရေး စသည့်ကိစ္စရပ်များတွင် ဆပ်ကော်မတီအလိုက် တာဝန်ရှိသူများအနေဖြင့် အသေးစိတ်စီမံဆောင်ရွက်

# ၂၆-၆-၂၀၂၄ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ၏ အစီရင်ခံစာပါ ဘဏ်များနှင့်ပတ်သက်သည့် ဖော်ပြချက်များအပေါ် ကန့်ကွက်ကြောင်းအသိပေးထုတ်ပြန်ချက်

ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီက ၂၆-၆-၂၀၂၄ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာတွင် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးချိုးဖောက်မှုများ၌ အပြည်ပြည်ဆိုင်ရာဘဏ်များ၊ ပြည်တွင်းနိုင်ငံပိုင်ဘဏ်နှင့် ပုဂ္ဂလိကဘဏ်အချို့မှ ပါဝင်ဆောင်ရွက်လျက်ရှိကြောင်းနှင့် အရေးယူပေးရန် တောင်းဆိုမှုများ ဖော်ပြထားပါသည်။

နိုင်ငံပိုင်ဘဏ်များအပါအဝင် ပြည်တွင်းဘဏ်များအားလုံး အနေဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ချမှတ်ထားသည့်ဘဏ်နှင့် ဆက်သွယ်ဆောင်ရွက်သူများ၏ အချက်အလက်များအား သေချာစွာ စိစစ်ရယူခြင်းဆိုင်ရာ Due Diligence Procedure များကို တိကျစွာ လိုက်နာဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံပိုင်ဘဏ်များအပါအဝင် ပြည်တွင်းဘဏ်များအားလုံး၏ အပြည်ပြည်ဆိုင်ရာ အဆက်အသွယ်ဘဏ်များအနေဖြင့်လည်း မြန်မာနိုင်ငံ၏ ပြည်တွင်းပြည်ပငွေကြေးလွှဲပြောင်းမှုများကို ဆောင်ရွက်ပေးရာတွင် လိုအပ်သည့် အထောက်အထားများအားရယူ၍ အလေးထားစိစစ်ခြင်းကို တိုးမြှင့်ဆောင်ရွက်ခြင်း (Enhanced Due Diligence – EDD) အား ကောင်းစွာဆောင်ရွက်လျက်ရှိပါသည်။

ငွေကြေးဆိုင်ရာ အရေးယူဆောင်ရွက်ရေးအဖွဲ့ (FATF) ၏ စံသတ်မှတ်ချက်များနှင့်အညီ မြန်မာနိုင်ငံ၏ အကောင်အထည်ဖော်ဆောင်ရွက်မှုဆိုင်ရာ တိုးတက်မှုအစီရင်ခံစာများကို အာရှ-ပစိဖိတ်ပူးတွဲ အဖွဲ့ (APJG) သို့ တင်ပြချက်များနှင့် မျက်နှာချင်းဆိုင်အစည်းအဝေးတွင် ဆွေးနွေးပြောဆိုချက်များအရ FATF နှင့် APJG တို့က အသိအမှတ်ပြုပြီး နှစ်စဉ်စံနှုန်းသတ်မှတ်ချက်အဆင့်များ တိုးမြှင့်ပေးခဲ့ခြင်းတို့ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ၉-၆-၂၀၂၄ ရက်နေ့တွင် သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ ပြည်တွင်းပြည်ပငွေကြေးလွှဲပြောင်းမှုများမှာလည်း မြန်မာနိုင်ငံသားများအတွက် အဓိက မရှိမဖြစ်လိုအပ်သော အခြေခံကုန်စည်များဖြစ်သည့် ဆေးနှင့်ဆေးအထောက်အကူပြုပစ္စည်းများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းသုံး ပစ္စည်းများ၊ ဓာတ်မြေဩဇာ၊ စက်သုံးဆီ၊ စားသုံးဆီများ တင်သွင်းမှုများအတွက် ဆောင်ရွက်ခြင်းဖြစ်ပါသည်။ ဘဏ်များအနေဖြင့် ယင်းကုန်စည်များ တင်သွင်းခြင်းအတွက် ငွေပေးချေမှုများပြုလုပ်ရာတွင် ကုန်သွယ်မှုဆိုင်ရာ သက်သေခံစာရွက်စာတမ်းအထောက်အထားများ ရယူ၍ စိစစ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

သို့ပါ၍ ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ၏အစီရင်ခံစာပါ မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးချိုးဖောက်မှုများ၌ အပြည်ပြည်ဆိုင်ရာဘဏ်များ၊ ပြည်တွင်းနိုင်ငံပိုင်ဘဏ်နှင့် ပုဂ္ဂလိကဘဏ်အချို့မှ ပါဝင်ဆောင်ရွက်လျက်ရှိကြောင်းနှင့် အရေးယူပေးရန် တောင်းဆိုမှုများ ရေးသားဖော်ပြချက်များမှာ မြန်မာပြည်သူများ၏ အကျိုးစီးပွားကို ထိခိုက်စေသည့်အပြင် မြန်မာနိုင်ငံနှင့် ပြည်ပနိုင်ငံများအကြား ဆက်ဆံရေးကိုလည်း ထိခိုက်စေသဖြင့် အဆိုပါရေးသားချက်အပေါ် ပြင်းထန်စွာ ကန့်ကွက်ပါကြောင်း အများပြည်သူသိရှိစေရန် အသိပေးထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်
မြန်မာနိုင်ငံဘဏ်များအသင်း
နိုင်ငံပိုင်ဘဏ်များ
ပုဂ္ဂလိကဘဏ်များ
(၂၈-၆-၂၀၂၄)

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၄) တက်ရောက်

**နေပြည်တော် ဇွန် ၂၈**

မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး ကြီးကြပ်မှုဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၁/၂၀၂၄)ကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။





**တက်ရောက်**

အစည်းအဝေးသို့ မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး ကြီးကြပ်မှုဗဟိုကော်မတီ ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ ကြီးကြပ်မှုဗဟိုကော်မတီဝင်များဖြစ်ကြသည့် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးအောင်လွင်ဦး၊ ပညာရေးဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့မှ ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများ တက်ရောက်ကြပြီး ကြီးကြပ်မှုဗဟိုကော်မတီဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် ကော်မတီဝင်ကိုယ်စားလှယ်များက သက်ဆိုင်ရာနယ်မြေများမှ ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

**ကြိုတင်စီစဉ်ဆောင်ရွက်**

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က လာမည့်အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်း လုပ်ငန်းကို ဆောင်ရွက်သွားမည် ဖြစ်ရာ မြေပြင် ကွင်းဆင်းစာရင်း ကောက်ယူရန် ကျန်ရှိသည့်စာရင်းများကိုလည်း ပူးတွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လိုအပ်ပါက စာရင်းကောက်ရမည့်ရက် တိုးမြှင့် ကောက်ယူနိုင်ရေးနှင့် လုံခြုံရေး အပြည့်အဝရယူ၍ ကောက်ယူဆောင်ရွက်နိုင်ရေးတို့အတွက် ကြိုတင်စီစဉ်ဆောင်ရွက်ထားကြရမည်ဖြစ်ကြောင်း၊ မိမိတို့ ဗဟိုကော်မတီအနေဖြင့် မြေပြင်ကွင်းဆင်း ကောက်ယူခဲ့သည့် စာရင်းအချက် အလက်များမှ သတ်မှတ်ကာလ အပိုင်းအခြားတွင် အသက် ၁၈ နှစ်နှင့်အထက် အတည်ပြု လူဦးရေစာရင်းကိုလည်း ပြည်လုံးကျွတ်သန်းခေါင်စာရင်း၏ ရွှေ့ပြောင်းလူဦးရေစာရင်းနှင့် ပြိုင်တူတင်ပြ၍ နှိုင်းယှဉ်သုံးသပ်ပြီး တိကျမှန်ကန်သည့် မဲစာရင်းကို ထုတ်ပြန်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ပြင် မိမိတို့ဌာနအနေဖြင့်လည်း ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ နိုင်ငံသားတိုင်း နိုင်ငံသားဖြစ်မှုဆိုင်ရာ ကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုး ကိုင်ဆောင် မဲပေးနိုင်ရေးအတွက်လည်း ဥပဒေနှင့်အညီ ပန်းခင်းစီမံချက်များဖြင့် ဆောင်ရွက်ထုတ်ပေးလျက်ရှိရာ ယင်းလုပ်ငန်းစဉ် အောင်မြင်ရေးအတွက်လည်း ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြစေလိုကြောင်း၊ ယခုအစည်းအဝေးတွင် ယခင်ကျင်းပခဲ့သည့် အစည်းအဝေး၏ ဆုံးဖြတ်ချက်များ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု၊ လက်ရှိအခြေအနေတွင် မဲစာရင်း မှန်ကန်ရေးအတွက် အတည်ပြု လူဦးရေစာရင်းများ သတ်မှတ်ကာလအတွင်း စိစစ်ပြုစုပေးပို့နိုင်ရေး အခြေအနေများနှင့်စပ်လျဉ်း၍ ပွင့်ပွင့်လင်းလင်း ရှင်းလင်းဆွေးနွေးတင်ပြကြရန် တိုက်တွန်းပြောကြားသည်။

**ရှင်းလင်းဆွေးနွေး**

ထို့နောက် ကြီးကြပ်မှုဗဟိုကော်မတီဝင်များ ဖြစ်ကြသည့် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကော်မတီဝင်ကိုယ်စားလှယ်များက ယခင်အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုနှင့် အတည်ပြု လူဦးရေစာရင်းများ အချိန်မီပေးပို့နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များ၊ လုပ်ငန်းဆိုင်ရာလိုအပ်ချက်များကိုလည်းကောင်း၊ တက်ရောက်လာကြသည့် ကြီးကြပ်မှုဗဟိုကော်မတီဝင် ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက လုပ်ငန်းများအချိန်မီ ပြီးစီးရေးအတွက် ဌာနအလိုက် ညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားမည့် အစီအစဉ်များကိုလည်းကောင်း ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

သတင်းစဉ်

# အမရပူရမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် ပန်းခင်းစီမံချက်(၃)ဖြင့် အိမ်ထောင်စုလူဦးရေနှင့် နိုင်ငံသားကတ်များ ကွင်းဆင်းဆောင်ရွက်

**အမရပူရ ဇွန် ၂၈**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်တွင် အိမ်ထောင်စုလူဦးရေစာရင်း တိကျမှန်ကန်စေရေးအတွက် ပန်းခင်းစီမံချက်(၃)ဖြင့် အိမ်ထောင်စုလူဦးရေနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေးခြင်းကို ယမန်နေ့က အမရပူရမြို့နယ်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ဆောင်ရွက်ပေးခဲ့သည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ "လူမှုဘဝပြည့်စုံဖို့ နိုင်ငံသားကတ်ကိုင်ကြစို့" ဆောင်ပုဒ်နှင့်အညီ ပန်းခင်းစီမံချက်(၃)ဖြင့် အိမ်ထောင်စုလူဦးရေနှင့် နိုင်ငံသားစိစစ်ရေးကတ် ဆောင်ရွက်ပေးခြင်းကို မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုများအလိုက် ကွင်းဆင်းဆောင်ရွက်ရေးအဖွဲ့များ(တိုက်နယ်မှူးများ)မှ ဆောင်ရွက်ပေးလျက်ရှိပြီး အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းသို့ ပန်းခင်းစီမံချက် ၃ ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကွင်းဆင်းဆောင်ရွက်ခဲ့ရာ အကျုံးဝင်သော ကျောင်းသား(၁၁၅)ဦး၊ ကျောင်းသူ(၁၃၅)ဦး စုစုပေါင်း (၂၅၀)ဦးတို့အား ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အမရပူရမြို့နယ်ဦးစီးမှူး ဦးတင်ကိုကိုဝင်းထံမှ သိရသည်။



(အပေါ်ပုံ)

စိုးသီဟ(အမရ)

○ စာမျက်နှာ ၂၄ မှ

ထို့နောက် သက်ဆိုင်ရာ သင်တန်းကျောင်း အလိုက် ကျောင်းအုပ်ကြီးများက သင်တန်းဆင်း ထူးချွန်ဆုများဖြစ်သည့် စံပြတပ်သားဆု၊ စစ်ရေးပြ ထူးချွန်ဆု၊ လက်ဖြောင့်တပ်သားဆု၊ စစ်သည်တော် ကျင့်ဝတ်ဆု၊ မိုင်းကျွမ်းကျင်ဆု၊ တပ်စိတ်တိုက်နည်း ပထမဆု၊ ချေမှုန်းရေး ပထမဆု၊ အိပ်ဆောင်အကောင်းဆုံးဆု ရရှိသူများအား ဆုများ အသီးသီး ပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်း အမှာစကားများ ပြောကြားကြသည်။



ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁) သင်တန်းဆင်းပွဲ ကျင်းပစဉ်။

သင်တန်းဆင်းပွဲအခမ်းအနားများအပြီးတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် သင်တန်းကျောင်းခန်းမများ၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁)မှ သင်တန်းဆင်း နိုင်ငံ့သားကောင်း စစ်သည်များအား တွေ့ဆုံအမှာစကားပြောကြားကာ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးကြသည်။

အဆိုပါ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁)ကို ၂၀၂၄ ခုနှစ် ဧပြီ ၈ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သင်တန်းကာလအတွင်း ကြံ့ခိုင်ရေးဘာသာရပ်၊ စစ်ရေးပြဘာသာရပ်၊ ခြေလျင်လက်နက်ငယ် ဘာသာရပ်များကိုလည်းကောင်း၊ စစ်နည်းဗျူဟာ ဘာသာရပ်တွင် ပါဝင်သည့် ကိုယ်စီ စစ်မြေပြင်ကျွမ်းကျင်မှု၊ အဖွဲ့အလိုက်၊ တပ်စိတ်အလိုက် လေ့ကျင့်ခြင်း၊ ချီတက်မှုလေ့ကျင့်ခြင်း၊ အထူးစစ်နည်းဗျူဟာ၊ စစ်ဘက်ရေးရာလုံခြုံရေး၊ ချေမှုန်းရေးလေ့ကျင့်ခန်း စသည့်သင်ခန်းစာများကိုလည်းကောင်း စာတွေ့၊ လက်တွေ့ စနစ်တကျသင်ကြား လေ့ကျင့်ခဲ့ကြပြီး စစ်မြေပြင် အင်ဂျင်နီယာဘာသာရပ်၊ စစ်မြေပြင်အုပ်ချုပ်ရေး ဘာသာရပ်နှင့် အထွေထွေ ဘာသာရပ်များကိုလည်း ရက်သတ္တပတ်အလိုက် အဆင့်ဆင့် လေ့ကျင့်သင်ကြားပေးခဲ့ကြောင်း သိရသည်။

ယခုကဲ့သို့ လေ့ကျင့်သင်ကြားခဲ့ကြရပြီး သင်တန်းဆင်းခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁)မှ နိုင်ငံ့သားကောင်း စစ်သည်များအနေဖြင့် အဖွဲ့အစည်းစိတ်ဓာတ်များ (Team Sprit)၊ အဖွဲ့အစည်းဖြင့် စည်းစနစ်ကျနစွာ လုပ်ကိုင်ဆောင်ရွက်တတ်သည့် အလေ့အကျင့် များ (TeamWork)၊ ရဲဘော်ရဲဘက်စိတ် (esprit decorps)နှင့် နိုင်ငံကောင်းအောင် ဆောင်ရွက်လိုသည့်စိတ်ဓာတ်များ ရရှိခဲ့ကြပြီး တာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့အသီးသီးသို့ သွားရောက်၍ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေး တာဝန်များကို လေးစားဂုဏ်ယူစွာဖြင့် ထမ်းဆောင်ကြတော့မည်ဖြစ်ကြောင်း သိရသည်။

ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁)တွင် တက်ရောက်ခဲ့ရသည့် အတွေ့အကြုံများ၊ သင်တန်းမှရရှိခဲ့သည့် အလေ့အကျင့်ကောင်းများ၊ ယုံကြည်ချက်၊ ခံယူချက်များနှင့် သင်တန်းဆင်းပြီးနောက် မိမိတို့တာဝန်ကျရာတပ်ရင်း၊ တပ်ဖွဲ့များ၌ ဆက်လက် တာဝန်ထမ်းဆောင်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ သင်တန်းဆင်း နိုင်ငံ့သားကောင်း စစ်သည်များ၏ စကားသံများကိုလည်း ယခုလိုကြားသိရသည်။







စစ်သင်တန်း ပြီးဆုံးသွားခဲ့ပါပြီ။ ကျွန်တော်အခုဆိုရင် ပြည်သူ့စစ်မှုထမ်းရဲ့ အဆင့်မြင့် အခြေခံစစ်ပညာတွေအကုန်လုံးကို တတ်မြောက်ပြီးသွားပါပြီ။ ကျွန်တော်တို့ နှစ်နှစ်တာ တာဝန်ထမ်းဆောင်တဲ့ အချိန်မှာလည်း အကောင်းဆုံးပေးဆပ်ပြီးတော့ တာဝန်ထမ်းဆောင်သွားမှာပါ။ နှစ်နှစ်တာ တာဝန်ပြီးဆုံးသွားတဲ့ အချိန်မှာလည်း တပ်မတော် လိုအပ်လာခဲ့ရင် နိုင်ငံလူမျိုးအတွက် အချိန်မရွေး အသက်စွန့်ပြီးတော့ ကာကွယ်စောင့်ရှောက်သွားဖို့ ကျွန်တော် စဉ်းစားထားပါတယ်။ ပြီးတော့ ကျွန်တော် အရင်တုန်းကထက်စာရင် နိုင်ငံအပေါ်ပိုပြီးတော့ ချစ်မြတ်နိုးတဲ့စိတ်တွေ၊ လူမျိုးအပေါ် ပိုပြီးချစ်မြတ်နိုးတဲ့ စိတ်တွေလည်း အများကြီး ရှိလာခဲ့ပါတယ်။ အခုလိုမျိုး အဆင့်မြင့် အခြေခံစစ်ပညာတွေကို သင်ကြားခဲ့ရတဲ့အတွက်လည်း လွန်စွာပဲ ဝမ်းမြောက်ဂုဏ်ယူမိပါတယ်။ နောက်တက်လာမယ့် လူငယ်တွေအကုန်လုံးကို ပြောချင်တာကတော့ ကောလာဟလတွေ အပြင်မှာကြားနေရတဲ့ သတင်းတွေကို မယုံကြည်ဘဲ ရဲရဲရင့်ရင့်နဲ့ တိုင်းပြည်အတွက် တာဝန်ထမ်းဆောင်ဖို့အတွက် ကျွန်တော်က ဖိတ်ခေါ်လိုပါတယ်။

ကျွန်တော်တို့ အဖွဲ့အစည်း စိတ်ဓာတ်ရှိဖို့တွေ၊ စည်းလုံးညီညွတ်မှုရှိအောင် သင်တန်းက နေ့အားလုံး တိုက်ရည်ခိုက်ရည် ပြည့်ဝမှုတွေ အများကြီးသင်ကြားပေးပါတယ်၊ အဖွဲ့အစည်းစိတ်ဓာတ်ရှိအောင်လည်း သူငယ်ချင်းတွေနဲ့သေနတ်ပစ်တဲ့အခါ၊ ချေမှုန်းရေးသွားတဲ့အခါ၊ ကိုယ်စီတိုက်တဲ့အခါမှာ အကုန်လုံးညီညီညွတ်ညွတ်နဲ့ တိုက်ပွဲတစ်ခုအောင်မြင်အောင် တိုက်လို့ရတဲ့အထိ သင်ကြားပေးပါတယ်။ အကုန်လုံးက စိတ်ဓာတ်နဲ့ ခံယူပြီးတော့ တိုက်ခိုက်မယ်ဆိုရင် ဘာပဲဖြစ်ဖြစ် အောင်မြင်မယ်လို့ ကျွန်တော် ယူဆပါတယ်။ နောက်ထပ်နောက်ထပ် လာတက်ရောက်မယ့် ညီငယ်တွေကိုလည်း ဖိတ်ခေါ်ပါတယ်။ ကျွန်တော်တို့လိုပဲ အကောင်းဆုံးကြိုးစားနိုင်တဲ့ နိုင်ငံသား စစ်သားကောင်း တစ်ယောက် ဖြစ်စေချင်ပါတယ်။ ပြည်သူ့စစ်မှုထမ်းကို ဦးနှောက်ထဲမထားပါနဲ့။ စစ်သားကောင်း တစ်ယောက် ဖြစ်အောင်လို့ပဲ ကြိုးစားစေချင်ပါတယ်။ အထက်လူကြီးရဲ့စကားကိုနားထောင်ပြီး ပေးအပ်တဲ့အမိန့်ကို တာဝန်ကျေပွန်စွာ ထမ်းဆောင်မယ်ဆိုရင် အောင်မြင်မယ်လို့ ကျွန်တော် ယူဆပါတယ်။

ကျွန်တော်ကတော့ ပြည်သူ့စစ်မှုထမ်းအမှတ်စဉ် (၁/ ၂၀၂၄) တက်ရောက်ခဲ့တာပါ။ ဒီသင်တန်းကိုနိုင်ငံတော်က ပြည်သူ့စစ်မှုထမ်းဥပဒေ အတည်ပြုပြီးတဲ့နောက် ကျွန်တော့်ဆန္ဒအရ ဝင်ရောက်ပြီး သင်တန်းကာလအတွင်းမှာလည်း အခြေခံစစ်ပညာရပ်များကို လေ့လာသင်ယူခွင့်ရခဲ့ပါတယ်။ သင်တန်းတက်ရောက်ချိန်မှာ နေထိုင်ရေး၊ စားသောက်ရေးအကုန်လုံး အစစအရာရာ အဆင်ပြေပါတယ်။ သင်ခန်းစာ လေ့ကျင့်ချိန်မှာ နိုင်ငံတော်နဲ့ နိုင်ငံသားတွေအပေါ် ကာကွယ်စောင့်ရှောက်ခွင့်၊ အလုပ်အကျွေးပြုခွင့်ရတော့မယ်ဆိုတဲ့ ခံယူချက်နဲ့ လိုက်ပါလုပ်ဆောင် လေ့ကျင့်ခဲ့ပါတယ်။ စစ်သင်တန်းဟာ ခက်ခဲပင်ပန်းတဲ့ သင်တန်းဖြစ်တယ်။ အောင်မြင်စွာ ဖြတ်သန်းနိုင်ခဲ့ပါတယ်။ အခု သင်တန်းပြီးဆုံးတဲ့ နိုင်ငံတော်က ပေးအပ်တဲ့ မည်သည့်တာဝန်မဆို ကျေပွန်စွာ ထမ်းဆောင်သွားပါမယ်။

ညပိုင်းတွင် သင်တန်းကျောင်း အသီးသီး၌ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁)မှ နိုင်ငံ့သားကောင်း စစ်သည်များအတွက် သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲများပြုလုပ်ကြသည်။

အဆိုပါ ညစာစားပွဲများတွင် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ မြဝတီ တေးဂီတအဖွဲ့နှင့် နယ်လှည့် ပြည်သူ့ဆက်ဆံရေး အဖွဲ့များက တေးသီချင်းများဖြင့် ဂုဏ်ပြုသီဆိုဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## ရပ်စောက်မြို့၌ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ် (၁/၂၀၂၄) ကတိသစ္စာခံယူပွဲနှင့် သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပ

ရပ်စောက် ဇွန် ၂၈

ရပ်စောက်မြို့၌ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ် (၁/၂၀၂၄) ကတိသစ္စာခံယူပွဲနှင့် ကျောင်းဆင်းပွဲ စစ်ရေးပြအခမ်းအနားကို ယနေ့နံနက် ၇ နာရီက နယ်မြေခံ သင်တန်းကျောင်း၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်နှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ဒေသခံပြည်သူများနှင့် ပြည်သူ့စစ်မှုထမ်း သင်တန်းသားများ တက်ရောက်ကြသည်။



အခမ်းအနားတွင် သင်တန်းဆင်းတပ်ခွဲက ကတိသစ္စာခံယူ၍ သင်တန်းထူးချွန်ဆုရရှိခဲ့ကြသူများအား တစ်ဦးချင်းဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

## ရွှေဘိုမြို့၌ ပြည်သူ့စစ်မှုထမ်းအမှတ်စဉ်(၁/၂၀၂၄) ဆင်းပွဲအခမ်းအနား ကျင်းပ

ရွှေဘို ဇွန် ၂၈

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့၌ ပြည်သူ့စစ်မှုထမ်းအမှတ်စဉ်(၁/၂၀၂၄)သင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းက နယ်မြေခံလေ့ကျင့်ရေးတပ်တွင်ကျင်းပရာ အရာရှိစစ်သည်များ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးဦးနှင့်အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ ကျောင်းဆင်းတပ်ခွဲများသည် တပ်ခွဲစစ်ရေးပြကွင်းမှ တပ်ရင်းစစ်ရေးပြကွင်းသို့ချီတက်ခဲ့ပြီး နိုင်ငံတော်အလံနှင့် တပ်မှူးအား အလေးပြုခဲ့ပြီးနောက် ကျမ်းသစ္စာ၊ ကတိသစ္စာပြုခဲ့ကြပြီး သင်တန်းတွင် စံပြဆု၊ ထူးချွန်ဆုရရှိခဲ့သူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။ ခရိုင်(ပြန်/ဆက်)



ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး နေပြည်တော်ရှိပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ် (၁/၂၀၂၄) သင်တန်းဆင်းပွဲအခမ်းအနား တက်ရောက်



နေပြည်တော် ဇွန် ၂၈

ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၁/၂၀၂၄) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နယ်မြေခံလေ့ကျင့်ရေးသင်တန်းကျောင်း၌ ကျင်းပရာ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်း၊ နေပြည်တော်ကောင်စီဝင်များ၊ ခေတ္တကျောင်းအုပ်ကြီးနှင့် တပ်မတော်အရာရှိကြီးများ၊ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ သင်တန်းသားများ၊ သင်တန်းသားများ၏ မိဘများနှင့်ဆွေမျိုးများ တက်ရောက်ကြသည်။

ဦးစွာ သင်တန်းဆင်းပွဲ အစီအစဉ်အတိုင်း ဆောင်ရွက်ပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ နေပြည်တော်ကောင်စီဝင်များနှင့် တာဝန်ရှိသူများက သင်တန်းသားများအား တစ်ဦးချင်းရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

သင်တန်းဆင်းပွဲအပြီးတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ နေပြည်တော်ကောင်စီဝင်များနှင့် တာဝန်ရှိသူများသည် သင်တန်းခန်းမ၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၁/၂၀၂၄)မှ သင်တန်းသားများအား တွေ့ဆုံသည်။

တွေ့ဆုံစဉ် နေပြည်တော်ကောင်စီဥက္ကဋ္ဌက သင်တန်းဆင်း ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ထာဝရ ရပ်တည်မြဲမြံစေရန်အတွက် စောင့်ထိန်းရမည့် အမျိုးသားရေးတာဝန်ဖြစ်ကြောင်း၊ ပြည်သူအားလုံးပါဝင်သည့် ပြည်သူ့ကာကွယ်ရေးစနစ်၊ ပြည်သူ့လုံခြုံရေးစနစ် စတင်ဆောင်ရွက်နေပြီဖြစ်ရာ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဖြင့် အမျိုးသား စစ်မှုထမ်းစနစ်တွင် ပါဝင်ထမ်းဆောင်ကြမည့် မျိုးဆက်သစ် လူငယ်ရဲဘော်များအားလုံးကို လေးစားဂုဏ်ယူပါကြောင်း၊ ယခုသင်တန်းမှ လေ့ကျင့်သင်ကြားပို့ချပေးခဲ့သည့် ဘာသာရပ်များကို လေ့ကျင့်သင်ကြား တတ်မြောက်ပြီးဖြစ်သည့်အတွက် နိုင်ငံတော်နှင့် တပ်မတော်က အားကိုးအားထားပြုရသည့် စွမ်းရည်၊ စွမ်းပကားပြည့်ဝသော နိုင်ငံ့သားကောင်း စစ်သည်များဖြစ်အောင် ဆက်လက်လေ့ကျင့် သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးက သင်တန်းသားများအား သင်တန်းဆင်းဂုဏ်ပြုအမှာစကား ပြောကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့က သင်တန်းသားများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။ **ထွန်းထွန်းဝင်း(ပြန်/ဆက်)**

# ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၁/၂၀၂၄) သင်တန်းဆင်းပွဲ အခမ်းအနား ကျင်းပ

ရန်ကုန် ဇွန် ၂၈

ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၁/၂၀၂၄) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ချင်းကုန်းကျေးရွာရှိ နယ်မြေခံသင်တန်းကျောင်းတွင် ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အုပ်ချုပ်သူနည်းပြများ တက်ရောက် ကြသည်။

ဦးစွာ ကျောင်းအုပ်ကြီးနှင့် သင်တန်းဆင်းတပ်ခွဲများက နိုင်ငံတော်အလံအား အလေးပြုကြသည်။

ထို့နောက် ကျောင်းအုပ်ကြီးက သင်တန်းဆင်းတပ်ခွဲများ၏ အလေးပြုခြင်းကိုခံယူပြီး သင်တန်းဆင်းတပ်ခွဲများအား လိုက်လံစစ်ဆေးသည်။

ယင်းနောက် ကျောင်းအုပ်ကြီးက စံပြတပ်သားဆု၊ စစ်ရေးပြထူးချွန်ဆု၊ လက်ဖြောင့်ဆု၊ မိုင်းကျွမ်းကျင်ဆု၊ စစ်သည်တော်ကျင့်ဝတ်ဆု၊ တပ်စိတ်တိုက်နည်းပထမဆု၊ ချေမှုန်းရေးပထမဆု၊ အိပ်ဆောင်အကောင်းဆုံးဆုရရှိသူများအား ဆုများချီးမြှင့်သည်။

ဆက်လက်၍ နယ်မြေခံသင်တန်းကျောင်း ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်မျိုးမင်းသန်းက တပ်မတော်၏ ကောင်းမြတ်သည့်အစဉ်အလာကောင်းများ လက်ဆင့်ကမ်းပြီး သစ္စာလေးချက်ကို အသက်နှင့် ထပ်တူစောင့်ထိန်း၍ အနာဂတ်တပ်မတော်နှင့် နိုင်ငံတော်အတွက် အားကိုးအားထားရသော တပ်မတော်သားများဖြစ်အောင် အစဉ်ကြိုးစားဆောင်ရွက်ကြရန်ပြောကြားခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**





# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁/၂၀၂၄)သင်တန်းဆင်းပွဲ အခမ်းအနားတက်ရောက်

ပုသိမ် ဇွန် ၂၈

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်တွင် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁/၂၀၂၄) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက နယ်မြေခံလေ့ကျင့်ရေးတပ်တွင် ပြုလုပ်သည်။

ဦးစွာ သင်တန်းဆင်းစစ်ရေးပြအခမ်းအနားကို ပြုလုပ်ခဲ့ပြီး နယ်မြေခံလေ့ကျင့်ရေးကျောင်း ကျောင်းအုပ်ကြီးက သင်တန်းဆင်းထူးချွန်ဆုရရှိသူများအား ဆုများချီးမြှင့်ခဲ့သည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ် (၁/၂၀၂၄) သင်တန်းဆင်း သင်တန်းသားများအား တွေ့ဆုံအားပေးစကား ပြောကြားသည်။

ဆက်လက်၍ နယ်မြေခံလေ့ကျင့်ရေးကျောင်း ဘုရင့်နောင်ခန်းမတွင် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁/၂၀၂၄)သင်တန်းဆင်း သင်တန်းသားများနှင့်တွေ့ဆုံ၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က အားပေးစကား ပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က နယ်မြေခံလေ့ကျင့်ရေးကျောင်း ကျောင်းအုပ်ကြီးအား ဂုဏ်ပြုထောက်ပံ့ငွေများပေးအပ်ခဲ့ကာ သင်တန်းသားများနှင့် နံနက်စာ အတူတကွ သုံးဆောင်ခဲ့ကြသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဟိုပုံးမြို့၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁/၂၀၂၄) ကတိသစ္စာခံယူပွဲနှင့် ကျောင်းဆင်းပွဲစစ်ရေးပြအခမ်းအနား ပြုလုပ်



တောင်ကြီး ဇွန် ၂၈

ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁/၂၀၂၄) ကတိသစ္စာခံယူပွဲနှင့် ကျောင်းဆင်းပွဲစစ်ရေးပြ အခမ်းအနားကို ဇွန်၂၈ ရက် နံနက် ၇ နာရီက ရှမ်းပြည်နယ် ဟိုပုံးမြို့ နယ်မြေခံသင်တန်းကျောင်း စစ်ရေးပြကွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ၊ ဒေသခံပြည်သူများနှင့် ပြည်သူ့စစ်မှုထမ်းသင်တန်းသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် သင်တန်းဆင်းတပ်ခွဲက ကတိသစ္စာခံယူ၍ သင်တန်းထူးချွန်ဆု ရရှိခဲ့ကြသူများအား တစ်ဦးချင်းဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ထောက်ပံ့မည့်ပစ္စည်းများ ထုပ်ပိုးနေမှုများကို လိုက်လံကြည့်ရှုအားပေး

**မန္တလေး ဇွန် ၂၈**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီရုံး၊ မြို့တော်ခန်းမသို့ ယနေ့မွန်းလွဲပိုင်းက ရောက်ရှိပြီး နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ထောက်ပံ့မည့်ပစ္စည်းများအား ထုပ်ပိုးနေမှုများကို လိုက်လံကြည့်ရှုခဲ့သည်။

ထိုသို့ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့က လိုက်လံကြည့်ရှုစဉ် တာဝန်ရှိသူများက စေတနာရှင်ပြည်သူများမှ လှူဒါန်းသည့် စားသောက်ဖွယ်ရာများကို နိုင်ငံတော်လုံခြုံရေးနှင့်ကာကွယ်ရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များထံ ထောက်ပံ့ပေးပို့ရန်အတွက် ဌာနဆိုင်ရာဝန်ထမ်းများက စနစ်တကျ သေသပ်စွာ ထုပ်ပိုးနေမှုအဆင့်ဆင့်ကို လိုက်ပါရှင်းလင်းပြသရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး တက်ညီလက်ညီဝိုင်းဝန်းဆောင်ရွက်နေသူများအား လိုက်လံအားပေးခဲ့ကြောင်း၊ စားသောက်ဖွယ်ရာများနှင့်အတူ စိတ်ဓာတ်ခွန်အားလည်း ရေးသားထည့်သွင်းပါပြည့်စေသည့် စာတိုစာပေများ ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)











## မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း(မန္တလေး) စခန်းအခြေပြု ပြန်လည်ထူထောင်ရေးသင်တန်းအမှတ်စဉ်(၁/၂၀၂၄)သင်တန်းဖွင့်ပွဲ ကျင်းပ

**မန္တလေး ဇွန် ၂၈**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ မူးယစ်ဆေးဖြတ်သူများ ပြန်လည်ထူထောင်ရေးစခန်း(မန္တလေး)၌ စခန်းအခြေပြုပြန်လည်ထူထောင်ရေးသင်တန်းအမှတ်စဉ်(၁/၂၀၂၄)သင်တန်းဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်ရှိ အဆိုပါစခန်းတွင် ကျင်းပသည်။

သင်တန်းဖွင့်ပွဲ၌ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းလှိုင်က သင်တန်းဖွင့်အမှာစကားကိုလည်းကောင်း၊ မူးယစ်ဆေးဖြတ်သူများ ပြန်လည်ထူထောင်ရေးစခန်း(မန္တလေး)၏ စခန်းတာဝန်ခံက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကိုလည်းကောင်း ပြောကြားပြီးနောက် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြသည်။

ပြန်လည်ထူထောင်ရေးဦးစီးဌာနအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း(၄၁)ခု ဖွင့်လှစ်၍ စခန်းအခြေပြုပြန်လည်ထူထောင်ရေးသင်တန်း၊ ရပ်ရွာအခြေပြုပြန်လည်ထူထောင်ရေးသင်တန်းနှင့် စေတနာ့ဝန်ထမ်းမူးယစ်ကြီးကြပ်ရေးမှူးသင်တန်းများ စဉ်ဆက်မပြတ်ဖွင့်လှစ်ကာ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၄)

## ကျောက်ဆည်မြို့နယ် ပေါင်လောင်ကျေးရွာတွင် စိုက်ပျိုးထားသော မိုးကြိုချည်မျှင်ရှည်ဝါ စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**ကျောက်ဆည် ဇွန် ၂၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ် ပေါင်လောင်ကျေးရွာတွင် စိုက်ပျိုးထားသော ၂၀၂၄-၂၀၂၅ ခုနှစ် မိုးကြိုချည်မျှင်ရှည်ဝါစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိရသည်။

ပေါင်လောင်ကျေးရွာမှ ပြည်သူများအနေဖြင့် စိုက်ပျိုးသီးနှံများ စိုက်ပျိုးရာ၌ သင်းဒီးမြောင်းရေကို အဓိကအားထားပြီး မိုးကြိုချည်မျှင်ရှည်ဝါ(၈၃)ဧက လျာထားစိုက်ပျိုးထားပြီး ဝါတစ်ဧက စိုက်ပျိုးမည်ဆိုပါက မြေပြုပြင်ခြင်း ကုန်ကျစရိတ်(၁၉၅၀၀၀)ကျပ်၊ အပင်ပြုစုခြင်း(၂၀၁၆၀၀)ကျပ်၊ သွင်းအားစုကုန်ကျစရိတ်(၄၅၀၅၀၀)ကျပ် စုစုပေါင်း(၈၄၇၁၀၀)ကျပ်ခန့် ကုန်ကျစရိတ်ရှိကြောင်းနှင့် နွေနှမ်း(၄၅၆)ဧကကိုလည်း လျာထားစိုက်ပျိုးခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရှိရပြီး စိုက်ပျိုးသီးနှံများ အောင်မြင်ဖြစ်ထွန်းရေး မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ စိုက်ပျိုးရေများ အပြည့်အဝပေးဝေလျက်ရှိကြောင်း သိရသည်။

(၄၈၅)



# ၂၀၂၄ အမေရိကန်သမ္မတရွေးကောက်ပွဲအကြို ပထမဆုံးစကားစစ်ထိုးပွဲ စီအင်န်အင်န်ထုတ်လွှင့်



**ဝါရှင်တန် ဇွန် ၂၈**

၂၀၂၄ အမေရိကန်သမ္မတ ရွေးကောက်ပွဲအကြို ပထမဆုံး စကားစစ်ထိုးပွဲ ဇွန် ၂၇ ရက်က ပြုလုပ်ရာ ဂျော်ဂျီယာပြည်နယ် အတ္တလန်တာမြို့ရှိ စီအင်န်အင်န် အသံလွှင့်ခန်းမထဲမှ တိုက်ရိုက် ထုတ်လွှင့်တင်ဆက်ခဲ့သည်။

၂၀၂၀ ပြည့်နှစ် အောက်တိုဘာ အမေရိကန်သမ္မတရွေး ကောက်ပွဲအကြို စကားစစ်ထိုးပွဲ အပြီးတွင် ၎င်းတို့နှစ်ဦး ပထမဆုံး အကြိမ်အဖြစ် ပြန်လည်တွေ့ဆုံ ကြခြင်းလည်းဖြစ်သည်။

အရေးပါသော စကားစစ် ထိုးပွဲဖြစ်သဖြင့် ဂျိုးဘိုင်ဒင် အနေဖြင့် မေရီလန်းပြည်နယ်ရှိ ဒေးဗစ်စခန်းသို့ သွားရောက်ကာ အချိန်ယူလေ့ကျင့်ပြင်ဆင်ခဲ့သည်။

သို့ရာတွင် သမ္မတဟောင်း ဒေါ်နယ်လ်ထရမ့်နှင့် ရင်ဆိုင် တွေ့သောအခါ ဂျိုးဘိုင်ဒင်အနေ ဖြင့် စကားပြောရင်းထစ်ခြင်း၊ ဗလုံးဗထွေးဖြစ်ခြင်းများ ကြုံခဲ့ ရသည်။

ထိုအားနည်းချက်များအပေါ် ထရမ့်က အခွင့်ကောင်းယူပြီး ၎င်းတို့နှစ်ဦး အဓိကပြောဆိုနေ သော အခွန်အတုပ်ကိစ္စ၊ လူဝင် မှုကြီးကြပ်ရေးကိစ္စများမှ သွေ ဖည်ကာ ပုဂ္ဂိုလ်ရေး ထိုးနှက် တိုက်ခိုက်မှုများဘက်သို့ ဦးတည် ၍ နိဂုံးချုပ်ခဲ့ကြောင်း သိရသည်။

**Mon**

# ဥရောပကော်မရှင်အကြီးအကဲ ဖွန်ဒါလေယင် ဆက်လက်တာဝန်ထမ်းဆောင်ရန် တင်သွင်းခံရ

**ဘရပ်ဆဲလ် ဇွန် ၂၈**

ဥရောပကော်မရှင်အကြီး အကဲ အူဆူလာဖွန်ဒါလေယင် လက်ရှိရာထူးတာဝန် ဆက်လက် ထမ်းဆောင်ရန် နာမည်စာရင်း တင်သွင်းခံထားရကြောင်း ဘီဘီစီ သတင်းဌာနက ဖော်ပြသည်။

ဥရောပပါလီမန်တွင် ဖွန်ဒါ လေယင်ကို လက်ရှိရာထူးတာဝန် ဆက်လက်ထမ်းဆောင်စေရန် အများစုက လိုလားထောက်ခံကြ သော်လည်း အီတလီဝန်ကြီးချုပ် ဂျော်ဂျီယာမယ်လိုနီက ကြားနေ မဲပေးခဲ့သည်။



ဥရောပပါလီမန်ရှိ မဲဆန္ဒရှင် များအနေဖြင့် လမ်းဟောင်းကြီး အတိုင်းမသွားဘဲ လမ်းသစ်ဖောက် ထွင်ကြစေလိုကြောင်း မယ်လို နီက အီတလီပါလီမန်အစည်း အဝေးတစ်ခု၌ ဒေါမာန်ပါပါဖြင့် ပြောကြားခဲ့ဖူးသည်။

ဂျာမန်အလယ်အလတ်ဝါဒီ ဖွန်ဒါလေယင်အနေဖြင့် အီတလီ ဝန်ကြီးချုပ် မယ်လိုနီ၏ ထောက် ခံမှုရရှိလျှင် ဥရောပကော်မရှင် အကြီးအကဲအဖြစ် ဆက်လက် တာဝန်ထမ်းဆောင်ခွင့်ရရန် အလားအလာကောင်းမည်ဖြစ် ကြောင်း သိရသည်။ **Mon**

# အိန္ဒိယနိုင်ငံ ဒေလီမြို့တော်နှင့် အနီးတစ်ဝိုက်တွင် ၂၄ နာရီအတွင်း မိုးရေချိန် စံချိန်တင်ရွာသွန်း



**ဒေလီ ဇွန် ၂၈**

အိန္ဒိယနိုင်ငံ ဒေလီမြို့တော် နှင့် အနီးတစ်ဝိုက်တွင် ဇွန် ၂၇ ရက်နှင့် ၂၈ ရက်အကြား ၂၄ နာရီအတွင်း မိုးရေချိန် စံချိန်တင် ရွာသွန်းခဲ့ကြောင်း စီအင်န်အေ သတင်းဌာနက ဖော်ပြသည်။

တစ်လလုံး အပူလွန်ကဲမှု ဒဏ်ခံစားခဲ့ရသော ဒေလီမြို့ တော်ရှိ လူဦးရေ သန်း ၂၀ ခန့် အနေဖြင့် မိုးရွာသဖြင့် ဝမ်းမြောက် ပျော်ရွှင်ခဲ့ရသော်လည်း မိုးရေ ချိန် ၂၂၈ ဒသမ ၁ မီလီမီတာ သို့ရောက်ရှိကာ ရေကြီးလာရာမှ ရေဘေးကြုံကြရပြန်သည်။

ပုံမှန်အားဖြင့်မူ မုတ်သုန် မိုးသည် အိန္ဒိယနိုင်ငံ၌ မေလ ကုန် ဇွန်လဆန်းတွင် ရွာသွန်း လေ့ရှိကြောင်း သိရသည်။

**Mon**



# မော်လ်ဒိုက်ဗ်သမ္မတ မိုဟာမက်မူအစ်ဇူ အောက်လမ်းပညာဖြင့် ပြုစားခံရသည်ဟု ဆို

**မာလဲ ဇွန် ၂၈**

မော်လ်ဒိုက်ဗ်သမ္မတ မိုဟာ မက်မူအစ်ဇူ အောက်လမ်းပညာ ဖြင့် ပြုစားခံရသည်ဟု ဝီအွန် သတင်းဌာနက ဖော်ပြသည်။

ပတ်ဝန်းကျင်ရေးရာဝန်ကြီး ဖာတီမတ်ရှမ်မတ်ဇ်အလီဆာ လင်းမ်နှင့် ၎င်း၏ခင်ပွန်းဟောင်း တို့နှစ်ဦးကို အခြားသံသယရှိသူ နှစ်ဦးနှင့်အတူ ဇွန် ၂၇ ရက် တွင် သက်ဆိုင်ရာက ဖမ်းဆီးပြီး စစ်ဆေးနေသည်။

၎င်းတို့ကို အစိုးရရှေ့နေရုံး က အောက်လမ်းပညာဖြင့် ပြု စားသည်ဆိုသော အမှုနှင့်ပတ် သက်၍ စစ်ဆေးကြားနာရန် ၇ ရက် ရမန်ယူထားသည်။

ဖာတီမတ်ရှမ်မတ်ဇ်အလီ ဆာလင်းမ်သည် ယခင်က မာလဲ မြို့တော်ကောင်စီအဖွဲ့ဝင် အမျိုး သမီးအဖြစ် လူသိများခဲ့ပြီး မိုဟာမက်မူအစ်ဇူ သမ္မတဖြစ်လာ မှ ပတ်ဝန်းကျင်ရေးရာဝန်ကြီး အဖြစ် ခန့်အပ်ခြင်းခံခဲ့ရသည်။

အောက်လမ်းပညာဖြင့် ပြု စားခြင်းကို မော်လ်ဒိုက်ရာဇဝတ် ကျင့်ထုံးဥပဒေအရ ပြစ်မှုမြောက် သည်ဟု မဆိုသာသော်လည်း အစ္စလာမ်ဥပဒေအရ ထောင်ဒဏ် ၆ လ ပြစ်ဒဏ်ကျခံထိုက်မည် ဖြစ်ကြောင်း သိရသည်။

**Mon**



ဇွန် ၂၇ ရက်က ဆလိုဗေးကီးယားနိုင်ငံ၌ ဖြစ်ပွားကာ လူ ၇ ဦး သေဆုံးပြီး ၅ ဦး ဒဏ်ရာရစေခဲ့သည့် ခရီးသည်တင် အမြန်ရထားနှင့် ဘတ်စ်ကားတိုက်မှု အခင်းဖြစ်နေရာကို တွေ့ရစဉ်။ **Mon**

# INTERNATIONAL NEWS

# နိုင်ငံတကာသတင်းများ

# အီရန်ကြားဖြတ်သမ္မတရွေးကောက်ပွဲအတွက် လူထုမဲဆန္ဒပေးပွဲများ တစ်နိုင်ငံလုံးတွင် ကျင်းပ



**တီဟီရန် ဇွန် ၂၈**

၂၀၂၄ ခုနှစ် ကြားဖြတ် သမ္မတရွေးကောက်ပွဲအတွက် လူထုမဲဆန္ဒပေးပွဲများကို အီရန် တစ်နိုင်ငံလုံးတွင် ဇွန် ၂၈ ရက်က ကျင်းပကြောင်း စီအင်န်အင်န် သတင်းဌာနက ဖော်ပြသည်။

မကြာသေးမီကဖြစ်ပွား သည့် ရဟတ်ယာဉ်ပျက်ကျမှု တွင် ကွယ်လွန်ခဲ့သော သမ္မတ ဟောင်း အီဘရာဟင်မ်ရိုင်ဆီ၏ နေရာတွင် တာဝန်ထမ်းဆောင် ရမည့် သမ္မတသစ်ကို အီရန်မဲ ဆန္ဒရှင်များက ရွေးကောက်ကာ ဘာသာရေးခေါင်းဆောင်ကြီး အယာတိုလာခါမေနီက အတည် ပြု တင်မြှောက်ခန့်အပ်မည်ဖြစ် သည်။

ဇွန် ၂၇ ရက်က ရွေးရိုးစွဲ ဝါဒီ သမ္မတလောင်းများဖြစ်သော အမီးရ်ဟော့စိန်ကွာဇီဇာဒဲဟာ ရှေမာနှင့် အလီရေဇာဇာကာနီ တို့နှစ်ဦး ရွေးကောက်ပွဲမှ နုတ် ထွက်ခဲ့ပြီးနောက် အသက် ၆၉ နှစ်အရွယ် ပြုပြင်ပြောင်းလဲရေး ဝါဒီ ကျန်းမာရေးဝန်ကြီးဟောင်း မာဆော့ပီဇက်ရှ်ကီယန် အနိုင် ရရန် အလားအလာကောင်းလာ သည်။

အီရန်သမ္မတရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်၏ စည်း မျဉ်းသတ်မှတ်ချက်အရ မည် သည့် သမ္မတလောင်းမဆို ပထမ အကျော့ယှဉ်ပြိုင်အရွေးခံရာ တွင် ထောက်ခံမဲ အနည်းဆုံး၅၀ ရာခိုင်နှုန်းရရှိပါက အနိုင်ရမည် ဖြစ်ကြောင်း သိရသည်။

**Mon**

# မိုးသည်းထန်စွာရွာသွန်းပြီးနောက် ဒေလီလေဆိပ်တွင် ခေါင်မိုးပြိုကျ



**ဒေလီ ဇွန် ၂၈**

ဇွန် ၂၇ ရက်က မိုးသည်း ထန်စွာရွာသွန်းပြီးနောက် အိန္ဒိယ နိုင်ငံ ဒေလီမြို့တော်အပြည် ပြည်ဆိုင်ရာလေဆိပ်တွင် ခေါင်မိုး ပြိုကျမှုဖြစ်ပွားကြောင်း ဘီဘီစီ သတင်းဌာနက ဖော်ပြသည်။

စကြီ-၁၏ ခေါင်မိုးပြိုကျ မှုကြောင့် လူတစ်ဦး သေဆုံးပြီး ၈ ဦး ဒဏ်ရာရရှိကာ ကားလေး စင်းပျက်စီးခဲ့ကြောင်း လေဆိပ် တာဝန်ရှိသူက ထုတ်ဖော်ပြော ကြားသည်။

မိုးသည်းထန်နေချိန်နှင့် ပြို ကျသည့် ခေါင်မိုးပြုပြင်နေစဉ် ကာလအတွင်း လေယာဉ်ခရီးစဉ် အချို့ကို ဆိုင်းငံ့ခဲ့ရကြောင်း သိရသည်။ **Mon**

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇွန် ၂၈

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ဖြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇွန် ၂၇ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာ ပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Tin Zar Hlaing" Tik Tok အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် အမှတ်(၂၂) ရပ်ကွက်နေ တင်ဇာလှိုင်အား မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ တွင် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက် ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



## မဟာအောင်မြေမြို့နယ် ရဲမွန်တောင်ရပ်ကွက်တွင် မီးလောင်မှု ဖြစ်ပွား

မန္တလေး ဇွန် ၂၈

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ ၃၈ လမ်း၊ ၅၂ လမ်းနှင့် ၅၃လမ်းကြားရှိ ----- KTV အခန်းနံပါတ်(၁၁၀)၊ (၁၅ × ၁၅)ပေ အခန်းအတွင်း မျက်နှာကြက်တွင် တပ်ဆင်ထားသော LED လေဆာမီးဆလိုက်ပုံးနှင့် Control Box သွယ်တန်းထားသော ဝါယာကြိုး အပူလွန်ကဲရာမှ ဇွန် ၂၄ ရက် နံနက်ပိုင်းက မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့သည်။

၎င်းမီးလောင်မှုကြောင့် အခန်းအတွင်းမျက်နှာကြက်၊ ဘောင်းအကာအထပ်သားနှင့် ဝါယာကြိုးအနည်းငယ် မီးလောင်မှုဖြစ်ပွားရာနေရာသို့ တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်း ဦးဆောင်၍ သန္တေမီးသတ်တပ်ဖွဲ့ဝင် ၁၅ ဦး၊ အရန်မီးသတ် တပ်ဖွဲ့ဝင် ၂၀ ဦး၊ စုစုပေါင်း ၃၅ ဦး၊ အုပ်ချုပ်မှုယာဉ်သုံးစီး၊ မီးငြိမ်းသတ်ယာဉ်နှစ်စီး၊ မီးသတ်ရေသယ်ယာဉ်တစ်စီး၊ စုစုပေါင်း ခြောက်စီး၊ ရေဂါလန် ၅၀၀ ခန့်ဖြင့် ငြိမ်းသတ်ခဲ့ပြီး လူများ သေဆုံးထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၅၆)

# အမြို့မြို့အနယ်နယ်မှ မှုခင်း သတင်းများ

## နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တရားမဝင်သစ်များ ဖမ်းဆည်းရမိ

နပြည်တော် ဇွန် ၂၈

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှု သတင်းပို့စနစ် (Community Monitoring and Reportin System-CMRS)အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၇ ရက်မှ ၂၃ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် ကျွန်း ၁၉ ဒသမ ၆၅၈၇ တန်၊ သစ်မာ ၃ ဒသမ ၇၉၃၆ တန်၊ အခြား ၁၄ ဒသမ ၁၈၅၃ တန် စုစုပေါင်း ၃၇ ဒသမ ၆၃၇၆ တန်၊ ယာဉ်/ ယန္တရား ခြောက်စီး၊ တရားခံ ၂၀ ဦး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

(အောက်ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



## မော်တော်ယာဉ် အရှိန်မထိန်းနိုင်ဘဲ သစ်ပင်ဝင်တိုက်မှု ဖြစ်ပွား

မန္တလေး ဇွန် ၂၈

မန္တလေးမြို့၊အမရပူရမြို့နယ်၊ မြစ်ငယ်မြို့၊ကမ္ဘဲ့ကျေးရွာအနီး၊ စစ်ကိုင်း-မြစ်ငယ်သွားကားလမ်းတွင် လိုက်ထရပ်မော်တော်ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲဖြစ်ကာ လမ်းဘေးသစ်ပင်ဝင်တိုက်မှု ဇွန် ၂၆ ရက် နံနက် ၉ နာရီဝန်းကျင်က ဖြစ်ပွားခဲ့သည်။



အဆိုပါ ယာဉ်တိုက်မှုဖြစ်သည့်နေရာသို့ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့် မြန်မာနိုင်ငံလူမှုကယ်ဆယ်ရေးအဖွဲ့(မန္တလေးတိုင်းရုံး)တို့သည် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြပြီး ယာဉ်မောင်းအမျိုးသား ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။ (အပေါ်ပုံ)(၀၅၇)

## ရန်-မန်းကားလမ်းတွင် (၆)ဘီးယာဉ်နှစ်စီး တိုက်မိ

မန္တလေး ဇွန် ၂၈

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့ဟောင်းရပ် ရန်ကုန်-မန္တလေးသွားကားလမ်း၊ ဆောက်လုပ်ရေးဝင်းပေါက်အနီးတွင် ခြောက်ဘီးမော်တော်ယာဉ် နှစ်စီး တိုက်မိမှု ဇွန် ၂၆ ရက် မွန်းလွဲ ၁၂ နာရီခွဲက ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ခြောက်ဘီးမော်တော်ယာဉ်နှစ်စီးသည် လမ်းဆုံအနီးတွင် မတော်တဆဖြစ်ကာ တိုက်မိပြီး ယာဉ်နှစ်စီးရှေ့ခြမ်းများ ကြေမွပျက်စီးကာ အမျိုးသား တစ်ဦး ထိခိုက်ဒဏ်ရာများ ရရှိခဲ့သည်။



အဆိုပါ ယာဉ်တိုက်မှုဖြစ်ပွားသည့်နေရာသို့ အုပ်ချုပ်ရေးအဖွဲ့ နှင့် မြန်မာနိုင်ငံ လူမှုကယ်ဆယ်ရေးအဖွဲ့ (မန္တလေးတိုင်းရုံး)နှင့် မဏီစလ လူမှုကူညီရေးအသင်းတို့သည် သွားရောက်ကူညီဆောင်ရွက်ပေးခဲ့ကြပြီး ထိခိုက်ဒဏ်ရာများရရှိသူ အမျိုးသားအား မန္တလေးအထွေထွေရောဂါကုဆေးရုံသို့ပို့ဆောင်ကာ ဖြစ်စဉ်နှင့်ပတ်သက်၍ စစ်ဆေးလျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)

(၀၅၇)

## ကြက်သွန်ဂိုထောင် မီးလောင်မှု ဖြစ်ပွား

မြင်းခြံ ဇွန် ၂၈

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ မြင်းခြံမြို့နယ်၊ အမှတ်(၁၈)ရပ်ကွက်၊ အပိုင်း(၆)



ရှိ ကြက်သွန်ဂိုထောင်တွင် ဇွန်၂၃ ရက် နံနက် ၄ နာရီ ၃၈ မိနစ်ခန့်က မီးလောင်မှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် မြင်းခြံခရိုင် မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်သုံးစီး၊ မီးသတ်ရေသယ်ယာဉ်သုံးစီး၊ မြို့နယ်မီးသတ်စခန်း မှ မီးငြိမ်းသတ်ယာဉ်သုံးစီး၊ မီးသတ် ရေသယ်ယာဉ်တစ်စီး၊ နယ်မြေမီးသတ်စခန်းမှ မီးငြိမ်းသတ် ယာဉ်သုံးစီး၊ မီးသတ်ရေသယ်ယာဉ်တစ်စီး၊ အဖြူရောင်လက်များ ပရဟိတအသင်းမှ ရေသယ်ယာဉ်တစ်စီးတို့ဖြင့် ငြိမ်းသတ်ရာ နံနက် ၅ နာရီတွင် မီးထိန်းနိုင်ပြီး နံနက် ၅ နာရီ ၅ မိနစ်တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

(ဝဲပုံ)(၀၄၅)

# အလှပန်းကလေးများ ပွင့်လန်းရာမြေ

စာသင်ကျောင်းများ ဖွင့်ပေပြီ။ အနာဂတ်အတွက် နုပျို လန်းဆန်း မျိုးဆက်သစ်ပန်းကလေးများ မြူးတူးပျော်ရွှင်စွာ ပွင့်လန်းလာကြသည်။ ယခု ၂၁ ရာစုသည် 'ပညာခေတ်'ဖြစ်သည်။ ပညာရေးသည် လူ့အဖွဲ့အစည်းတစ်ခုဖြစ်စေ၊ လူသားအများစုတစ်ရပ်လုံးဖြစ်စေ ရှင်သန်ရပ်တည်နိုင်မှုအတွက် အသက်ဝိညာဉ်သဖွယ် အရေးပါလှပေသည်။ ထို့အတူ ပညာရေးကဏ္ဍ တိုးတက်ရှင်သန်ရန်အတွက်လည်း လူသားအရင်းအမြစ်သည် အဓိကဖြစ်ပေသည်။ ထို့ကြောင့် ယခု ၂၁ ရာစုတွင် ပညာတတ်များ ပေါ်များရန် လိုပေသည်။ မြန်မာနိုင်ငံတွင် ခေတ်စနစ်နှင့်အညီ စာပေနှင့် နည်းပညာအသစ်အဆန်းများ တိုးတက်ဖွံ့ဖြိုးစေရန် စာပေတတ်မြောက်သူများ မြောက်မြားစွာ မွေးထုတ်ပေးရပေမည်။ မြန်မာနိုင်ငံတော်ကြီး၌ စာပေတတ်ကျွမ်းကြသူ ရာခိုင်နှုန်းမြင့်မားဖို့ စာသင်ကျောင်းများမှတစ်ဆင့် မွေးထုတ်ရသည်ဖြစ်၍ စာသင်ကျောင်းများသည် နိုင်ငံတော်၏အလှပန်းများ ပွင့်လန်းရာမြေဟု ဆိုအပ်ပေသည်။

ထို့ကြောင့် မြန်မာနိုင်ငံတော်တွင် ပညာခေတ်နှင့်လျော်ညီစွာ စာမတတ်သူပပျောက်ရေး၊ ကျောင်းနေအရွယ် ကလေးသူငယ်များ၊ စာသင်ကျောင်းသို့ ရောက်ရှိရေး၊ မိမိတို့၏မျိုးရိုးဇာတိဂုဏ်၊ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်ရေး၊ ဇာတိသွေးဇာတိမာန် ထက်သန်စေရေး၊ စာပေဂီတအနုပညာများ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ ခေတ်ပေါ်နည်းပညာသစ်များ၏ စိန်ခေါ်မှုများကို စာပေအတတ်ပညာတို့ဖြင့် ရင်ဆိုင်ဖြေရှင်းနိုင်ရေး စသည်တို့ကို နိုင်ငံတော်မှ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဦးစားပေး ဆောင်ရွက်လျက်ရှိပေသည်။ မည်သို့သော အခက်အခဲများရှိနေစေကာမူ ကျောင်းနေအရွယ် ကလေးသူငယ်များကို အချိန်နှင့်တစ်ပြေးညီ စာသင်ခန်းသို့ရောက်ရှိ၍ အေးချမ်းစွာ စာပေသင်ကြားနိုင်ရန် စာသင်ကျောင်းများ တိုးချဲ့ဖွင့်လှစ်ပြီး အရှိန်အဟုန်မြှင့်ကာ နိုင်ငံတော်မှ အလေးထားဆောင်ရွက်နေသောကြောင့် နောင်အနာဂတ်ကာလ ပညာတတ်လူငယ်များ တိုးပွားလာမည်မှာ ဧကန်မလွဲနိုင်တော့ပါ။

နိုင်ငံတစ်ခု လူမျိုးတစ်စု လူသားတစ်ဦး ဖွံ့ဖြိုးတိုးတက်လာစေရန် စာပေပညာနှင့် အထွေထွေဗဟုသုတသည် လွန်စွာမှ အရေးပါလှသည်။ စာပေသည် အထွေထွေပညာ ရင့်သန်တိုးတက်မှုအတွက် မြန်စွာဆောင်ရွက်ပေးနိုင်သည့် ကိရိယာဖြစ်သလို၊ အထွေထွေ ဗဟုသုတပညာဉာဏ်သည်လည်း အရာရာကို စဉ်းစားချင့်ချိန်၍ အမှားအမှန်ဝေဖန်ပိုင်းခြားနိုင်သည့် ဘဝခရီးဖော်ဖြစ်သည်။ ဗဟုသုတဆိုသည်မှာ လူသားကမ္ဘာ၏ ဖြစ်ပျက်မှုမှန်သမျှနှင့် ကျန်းမာရေး၊ စီးပွားရေး၊ နိုင်ငံရေးပါမကျန် လူမှုကိစ္စမှန်သမျှတို့သည် အသိပညာအလိမ္မာတိုးစေရန် အဓိကလိုအပ်သည့်အချက်ဖြစ်ပေသည်။ ထိုစာပေနှင့် အထွေထွေဗဟုသုတတို့ အချိုးကျပေါင်းစပ်ဆောင်ရွက်ခြင်းဖြင့် နောင်အနာဂတ် လူ့ဘောင်သစ်ခရီးကောင်းစွာဖော်ဆောင်နိုင်မည်ဖြစ်သည်။

ထို့ကြောင့် 'စာတတ်မြောက်ခြင်းသည် ကောင်းသောကျန်းမာရေးနှင့် ဘဝသာယာချမ်းမြေ့ခြင်းတို့အတွက် သော့ချက်ဖြစ်သည်' (Literacy Key to good Health and wellbing) ဟူ၍ နိုင်ငံတကာ စာတတ်မြောက်ရေး ဆောင်ပုဒ်တစ်ခုက ဆိုထားပေသည်။ စာပေပညာသည် ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းအတွက် အရေးကြီးသည့်ကဏ္ဍတစ်ခုပါ။ ရှေးယခင် ၁၉၄၈ခုနှစ် လွတ်လပ်ရေးရပြီးခါစတွင် မြန်မာနိုင်ငံ၏ စာတတ်မြောက်မှုရာခိုင်နှုန်းသည် ၃၅ ရာခိုင်နှုန်းသာရှိခဲ့သည်။ ထို့ကြောင့် ၁၉၄၉ ခုနှစ်မှစ၍ 'လူထုပညာရေးသင်တန်းများ၊ အသုံးလုံးကျေသင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်း'၊ ၁၉၅၂ ခုနှစ်မှစ၍ 'ဘုန်းတော်ကြီးသင် စာသင်ကျောင်းများ'ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးခြင်းတို့ကြောင့် ၁၉၆၃ ခုနှစ်တွင် စာတတ်မြောက်မှုနှုန်းထား ၅၇ ရာခိုင်နှုန်းထိ တိုးတက်လာခဲ့သည်။ နောက်တစ်ဖန် ၁၉၆၅ ခုနှစ်မှစ၍ အသုံးလုံးကျေသင်တန်းများကို နိုင်ငံနှင့်ပြည်သူ အချိုးညီစွာ လက်တွဲဖော်ဆောင်ခဲ့သဖြင့် ၁၉၇၃ ခုနှစ်တွင် နိုင်ငံတစ်ဝန်း စာတတ်မြောက်သူ ၇၁ ရာခိုင်နှုန်း၊ ၁၉၈၃ ခုနှစ်တွင် စာတတ်မြောက်သူ ၇၈ ဒသမ ၆ ရာခိုင်နှုန်းအထိ တိုးတက်အောင်မြင်စွာ ဖော်ဆောင်နိုင်ခဲ့သည်။ ထို့ပြင် မြန်မာနိုင်ငံအစိုးရသည် နိုင်ငံတကာနှင့်ယှဉ်တွဲ၍ အရာရာဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံ့ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ ဆရာ၊ ဆရာမများနှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ကိုယ်ပိုင်စွမ်းအားများကို ရယူလျက် 'ကျန်းမာကြံ့ခိုင်ပြီး စာရိတ္တကောင်းမွန်သည့် ပညာတတ်များ ပေါ်များရေး'ကို ဖော်ဆောင်ခဲ့သည်။ ထို့ကြောင့် နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်နိုင်ရန်အတွက် နိုင်ငံတော်အစိုးရသည် အမျိုးသား အဆင့်မြင့်ပညာရေးကဏ္ဍမျှော်မှန်းချက်များ ချမှတ်အကောင်အထည်ဖော်ခြင်း၊ ကျောင်းသားသူငယ်တို့၏ ဉာဏ်ပညာအမြော်အမြင်နှင့် ကျွမ်းကျင်မှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်စေရန် ခေတ်စနစ်နှင့်လျော်ညီသည့် 'အမျိုးသားပညာရည်မြင့်မားရေး'စီမံကိန်းများ ရေးဆွဲဆောင်ရွက်ခြင်း၊ လုပ်ငန်းခွင်ပြောင်းရွှေ့လုပ်ကိုင်ကြရသည့် ဝန်ထမ်းမိသားစုများ၏ ကလေးများ ပညာသင်ကြားနိုင်ရန် (Mobile School) များ ဖွင့်လှစ်သင်ကြားခြင်း၊ ထို့ပြင် ပညာသင်သင့်အရွယ် ကလေးသူငယ်များအားလုံး ကျောင်းစာသင်ခန်းသို့ ရောက်ရှိအောင် ဆောင်ရွက်ခြင်း၊ သင်ယူမှုအရည်အသွေး တိုးတက်မြင့်မားအောင် ဆောင်ရွက်ခြင်း၊ ကလေးသူငယ်တိုင်း အခြေခံပညာသင်ယူနိုင်မှု အခွင့်အလမ်းများ ရရှိစေခြင်း၊ ပညာသင်ကြားနေကြသူ ကျောင်းသားများနှင့်လျော်ညီအောင် ဆရာ၊ ဆရာမများ ပိုမိုခန့်ထားပေးခြင်း၊ စာသင်ကျောင်း စွန့်ခွာ၍ ကျောင်းအထွက်နှုန်း လျော့နည်းစေရန် ကျောင်းအချိန်ဇယားကို ညှိနှိုင်းလုပ်ဆောင်ပေးခြင်းတို့ကို နိုင်ငံတော်အစိုးရမှ စနစ်တကျ ဆောင်ရွက်ပေးလျက်ရှိပါသည်။

ကျောင်းပြင်ပ ပညာရေး Non-Formal Primary Education (NFPE) အစီအစဉ်ဖြင့် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းရောက်ရေး (Formal Education)၊ အသက် ၁၀ နှစ်မှ ၁၄ နှစ်အတွင်း အကြောင်းအမျိုးမျိုးကြောင့် ကျောင်းလုံးဝမနေဖူးသော အရွယ်လွန်ကလေးများ ကျောင်းနေနိုင်ရေး(Non Formal Education)၊ အခြေခံပညာ မပြီးဆုံးသေးမီ ကျောင်းထွက်စောခဲ့သူများကို မူလတန်းအဆင့်၊ အလယ်တန်းအဆင့် သက်ကြီးများကိုယ်တိုင် ဆက်လက်ပညာသင်ကြားနိုင်စေရေး (In Formal Education) တို့ကို ယခုအခါ နိုင်ငံတော်အစိုးရသည် အမျိုးသားပညာရေးမြှင့်တင်ရေးအတွက် ပိုမိုအလေးပေးဆောင်ရွက်လျက်ရှိပေသည်။ ထိုသည်ပင် အနာဂတ်ပန်းများ မွှေးကြိုင်လန်းဆန်းပွင့်လန်းရန် အားဆေးတစ်ခွက်ပင် ဖြစ်သည်။

ထို့အတူ မြန်မာနိုင်ငံတွင် အမျိုးသားပညာရည်မြှင့်မားရေး မြှင့်တင်မှုအစီအစဉ်ကို အကောင်အထည်ဖော်ရာ၌ ဆရာ၊ ဆရာမများ၏ ကဏ္ဍသည်လည်း အရေးပါလှပေသည်။ ကမ္ဘာ့ပညာရှင် (Willian James) ဆိုသူမှ ဖွင့်ဆိုခဲ့သည်မှာ (The Teachers of the country; one maysay; have its future in their hands) 'တိုင်းပြည်တစ်ပြည်၏အနာဂတ်သည် ဆရာများ၏ လက်ဝယ်တွင်ရှိသည်'ဟု ဆိုထားသဖြင့် လူသားအရင်းအမြစ်ဖြစ်သည့် မျိုးဆက်သစ်လူငယ်များကို ပြုစုပျိုးထောင်၍ စာပေပညာများ သင်ကြားပို့ချဆုံးမပြုပြင်ပေးကြသူများသည် ဆရာ၊ ဆရာမများသာ ဖြစ်ပေသည်။ ဤလောကကမ္ဘာကြီးတွင် ဆရာများနှင့်ကင်းသော နိုင်ငံဟူ၍ မရှိသလို၊ ဆရာ မရှိသော ကမ္ဘာ့အကျော်အမော်များလည်း မရှိနိုင်ပါ။ နောင်အနာဂတ် နိုင်ငံအကျိုးကို သယ်ပိုးကြမည့် နိုင်ငံ့သားကောင်းရတနာများ မွေးထုတ်ပေးရေးတာဝန် ကို မိဘများထက်ပိုပြီး တာဝန်ယူထားရသူများသည် ဆရာ သခင်များပင် ဖြစ်ပေသည်။ 'တစ်ခွက်ဆီမီး ထိန်ထိန်ညီးက၊ ဆီမီးတစ်ရာ ကူညီပါ'ဆိုသည့်စကားအရ ယုံကြည်ချက်မှန်ကန်၍ ခံယူချက်ပြည့်ဝပြီး တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ကြသည့် ဆရာ၊ ဆရာမတို့၏ သွန်သင်ညွှန်ပြမှုသည် စာပေပညာ သင်ကြားရုံသာမဟုတ်ဘဲ၊ အတွေးအခေါ်အမြော်အမြင်နှင့် အကြောင်းအကျိုး၊ အကောင်းအဆိုးကို မှန်ကန်စွာ ဝေဖန်တတ်အောင်၊ ပြဿနာအရပ်ရပ် ဖြေရှင်းတတ်အောင်၊ အသိပညာအလိမ္မာနှင့် ရည်ရွယ်ချက်တို့ ကောင်းမွန်လှပစေရန် ပန္နက်ချပေးသူ အကြီးမားဆုံးသော ဗိသုကာကြီးများလည်း ဖြစ်သည်။ ယနေ့ ၂၁ ရာစုသည် ထူးခြားထက်မြက်သည့် ရာစုဖြစ်သည့် အားလျော်စွာ ကမ္ဘာ ဆိုသော ရွာကြီးတွင် 'ပညာ' သည် 'ရတနာ'ဖြစ်သလို၊ 'ဆရာ'၏ ကဏ္ဍသည်လည်း 'အခရာ' ဖြစ်သည်။ ထို့ကြောင့် ကျောင်းသားအရွယ် ကလေးသူငယ်တို့၏ဘဝ လှပဆန်းကြယ်ပန်းကလေးများသဖွယ် တင့်တယ်ဝေဆာပွင့်လန်းဖြာဖို့ ဆရာမြတ်များ၏ကဏ္ဍ အရေးပါလှပေသည်။ ဆရာများ၏ သွန်သင်ညွှန်ပြဆုံးမမှုသည် အလှပန်းများအတွက် အားဆေးတစ်ခွက်ဟု ဆိုပါရစေ။

အလှပန်းများ ဝေဆာစွာပွင့်လန်းနိုင်ဖို့ မိဘများ၏ကဏ္ဍသည်လည်း အရေးပါမှုတစ်ခုဟုဆိုချင်ပါသည်။ မိဘများသည် ကလေးသူငယ်များ၏ ငယ်ရွယ်စဉ်က မသိမလိမ္မာအရာရာဟူသမျှ သွန်သင်ညွှန်ပြကြသူ ငယ်ဆရာများဖြစ်ကြသည် မဟုတ်ပါလား။ ထို့ပြင် လောကနီတိ၏ ပဏ္ဍိတကဏ္ဍအပိုဒ် ၁၈ တွင် ပြဆိုထားသည်မှာ 'မာတာ သတြူ ပိတာ ဝေရီ၊ ယေန ဗာလော န သိက္ခိတော။' သားသမီးများကို ငယ်စဉ်အခါ ပညာမသင်စေခဲ့လျှင် အမိသည် ရန်သူမည်၏၊ အဖသည်လည်း ရန်သူမည်၏ဟု ဆိုထားပါသည်။ ထို့ကြောင့် လက်ဦးဆရာဖြစ်ကြသည့် မိဘများသည် ကလေးသူငယ်များကို ပညာသင်ချိန်မှာ ပညာသင်နိုင်ရန် စာသင်ကျောင်းကို ပို့ဆောင်ကြရမည်ဖြစ်သည်။ နောင်အနာဂတ် ကလေးသူငယ်များ၏ဘဝနှင့် နိုင်ငံတော်အတွက် ထူးချွန်ထက်မြက်သော သားသမီးကောင်းရတနာများဖြစ်ပေါ်ရေး မိဘများတွင်လည်း တာဝန်ရှိပေသည်။ လူချွန်လူကောင်းသားသမီးရတနာများ ဖြစ်ထွန်းရေးအတွက် မိဘများ၏ တိုက်တွန်းအားပေးသော လုပ်ဆောင်ချက်သည် နောင်တစ်ခေတ် ရတနာပန်းမာလာများအတွက် အားဆေးတစ်ခွက်ပင် ဖြစ်ပေသည်။

အချုပ်အားဖြင့် နောင်လာမျိုးဆက်သစ်များအတွက် ပညာရေးကဏ္ဍမြှင့်တင်ပေးနေသော နိုင်ငံတော်အစိုးရ၏ စေတနာသည် ပြည့်ဝမို့မောက်စွာ ရှိနေပေပြီ။ မိမိရင်၌ဖြစ်သော သားသမီးများအလား မေတ္တာထား၍ ဆုံးမပြုပြင်သွန်သင်ညွှန်ပြ ကလေးငယ်များ၏ အနာဂတ်ဘဝ လှပတင့်တယ်စေကြောင်း၊ မကောင်းအပြစ်ထုဆစ်ဖယ်ရှား၊ ကောင်းရာညွှန်ပြ အရည်အချင်းပြည့်ဝကြသော ဆရာ၊ ဆရာမများလည်း ရှိနေကြပေပြီ။ ကျေးဇူးအနန္တ မိဘဂုဏ်မျိုး မညှိုးစေဘဲ၊ ရန်သူသတြူ ဖြစ်မှုဝေးစွ၊ မိတ္တကလျာ ဖြစ်၍လာစေ မေတ္တာဝေသည့် မိတွေဖတွေလည်း ရှိနေကြပေပြီ။ ဤသို့သုံးချက်တွဲလျက် ညီညာဖြစ်တည်လာသဖြင့် နောင်တစ်ခေတ်၏ မျိုးဆက်သစ် နိုင်ငံတော်အတွက် အဘက်ဘက်က အားကိုးရသည့် သားကောင်းရတနာဆိုသော ပန်းပေါင်းဝေဆာ ပွင့်လာကြပေတော့မည်။ ထို့ကြောင့်လည်း ကျောင်းနေအရွယ် ကလေးသူငယ်တို့ ကျောင်းနေပျော်၍ စာပေတော်ရန် အလှပန်းများ ဝေဆာပွင့်လန်းရာ ကျောင်းတော်မဟာသို့ ချမ်းမြေ့ပျော်ရွှင်စွာ သွားလာနိုင်ရေး မိဘ ဆရာပူးပေါင်းကာဖြင့် ဆောင်ရွက်ကြပါစို့လို့ တိုက်တွန်းရေးသားလိုက်ရပါသည်။

**မန်းမြေမှ ပန်းသပြေ**



# နိုင်ငံတကာ အားကစား သတင်းများ

## အန်ဒိုရီအား ခေါ်ယူရန် မန်ချက်စတာယူနိုက်တက်အသင်း စီစဉ်

**မန်ချက်စတာ ဇွန် ၂၈**

မန်ချက်စတာယူနိုက်တက်အသင်းသည် ဆွစ်ဇာလန်အသင်းနှင့် ဘိုလော့နာအသင်း တောင်ပံကစားသမား အန်ဒိုရီအား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၃)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် ပြီးခဲ့သည့် ဘောလုံးရာသီက ဘိုလော့နာအသင်းနှင့်အတူ ပြိုင်ပွဲစုံ ၃၄ ပွဲကစားပြီး နှစ်ဂိုး သွင်းယူကာ ခြေစွမ်းပြထားသလို၊ ယူရို ၂၀၂၄ ဥရောပဘောလုံးပြိုင်ပွဲတွင်လည်း ဆွစ်ဇာလန်အသင်းအား ၁၆သင်းအဆင့် ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့ခြင်းကြောင့် မန်ချက်စတာယူနိုက်တက်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

ဘိုလော့နာအသင်းကလည်း အန်ဒိုရီအတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ရရှိပါက ရောင်းချသွားဖွယ်ရှိသည်။

ထို့ကြောင့် မန်ချက်စတာယူနိုက်တက်အသင်းအနေဖြင့် နွေရာသီဈေးကွက်အတွင်းတွင် ဘိုလော့နာအသင်းထံမှ အန်ဒိုရီအား ရရှိအောင် ခေါ်ယူနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ **(အောက်ဝဲပုံ)**

**(NGB)**



## 2024 Mallorca Championships တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ Gael Monfils တက်ရောက်

**မာယော့ကာ ဇွန် ၂၈**

စပိန်နိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2024 Mallorca Championships တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ ပြင်သစ်တင်းနစ်ကစားသမား Gael Monfils တက်ရောက်ခဲ့သည်။

အဆိုပါ ပြင်သစ်တင်းနစ်ကစားသမား Gael Monfils သည် 2024 Mallorca Championships တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် အိမ်ရှင် စပိန်တင်းနစ်ကစားသမား Roberto Bautista Agut အား ၆-၃၊ ၄-၆၊ ၆-၄ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2024 Mallorca Championships တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ပြင်သစ်တင်းနစ်ကစားသမား Gael Monfils နှင့် အိမ်ရှင် ချီလီတင်းနစ်ကစားသမား Alejandro Tabilo တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

**(အောက်ပုံ) (NGB)**



## ဂျိုးဆပ်စတာနီဆစ် ဘိုင်ယန်မြူးနစ်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**မြူးနစ် ဇွန် ၂၈**

ဘိုင်ယန်မြူးနစ်အသင်းသည် အသင်းနောက်ခံကစားသမား ဂျိုးဆပ်စတာနီဆစ်အား ၂၀၂၉ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နောက်ခံကစားသမားသည် ပြီးခဲ့သည့် ဘောလုံးရာသီက ဘိုင်ယန်မြူးနစ်အသင်းမှ လေဗာကူဆင်အသင်းသို့ အငှားသွားရောက်ကစားပြီး ပြိုင်ပွဲစုံ ၃၈ပွဲကစားကာ လေးဂိုး သွင်းယူပြီး ခြေစွမ်းပြထားသည်။

အသက်(၂၄)နှစ်အရွယ်ရှိ ဂျိုးဆပ်စတာနီဆစ်က "ကျွန်တော် အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပါပြီ။ လာမည့် ဘောလုံးရာသီသစ်မှာ ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ ပုံမှန်ပွဲထွက်ခွင့်ရဖို့ အစွမ်းကုန်ကြိုးစားသွားမှာပါ။ ဒီအသင်းနဲ့အတူ အောင်မြင်မှုတွေလည်း ရယူသွားချင်ပါတယ်" ဟု ပြောသည်။ **(အောက်ပုံ)**

**(NGB)**




## အရှေ့တောင်အာရှ(ယူ-၁၆)ချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲ (အုပ်စု-ဂ)နောက်ဆုံးပွဲစဉ်များ

နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၂၉-၆-၂၀၂၄ စနေနေ့ | မွန်းလွဲ ၂း၃၀နာရီ | ထိုင်း - မလေးရှား |
| ။ | ။ | တီမော - ဖိလစ်ပိုင် |

## ယူရို ၂၀၂၄ ဥရောပဖလား ဘောလုံးပြိုင်ပွဲ

နိုင်ကမ္ဘာ

### (၁၆)သင်းအဆင့် ရှုံးထွက်ပွဲစဉ်များ

**ဆွစ်ဇာလန် - အီတလီ**

ဇွန် ၂၉ရက်၊ (စနေနေ့)၊ ည ၁၀း၃၀နာရီ

**နှစ်သင်းထိပ်တိုက်တွေ့ဆုံမှု**

၁၉၉၈-၉၉ ဆွစ်ဇာလန် ၀-၀ အီတလီ ၂-၀ ဆွစ်ဇာလန် (ယူရို ၂၀၀၀ ခြေစစ်ပွဲ)
၁၇-၆-၂၀၂၁ အီတလီ ၃-၀ ဆွစ်ဇာလန် (ယူရို ၂၀၂၀ အုပ်စု)
၂၀၂၁ ဆွစ်ဇာလန် ၀-၀ အီတလီ ၁-၁ ဆွစ်ဇာလန် (ကမ္ဘာ့ဖလား ၂၀၂၂ ခြေစစ်ပွဲ)

**နှစ်သင်း၏ အုပ်စုတွင်း ဖြတ်ကျော်မှု**

ဟန်ဂေရီ ၁-၃ ဆွစ်ဇာလန် အီတလီ ၂-၁ အယ်လ်ဘေးနီးယား
စကော့တလန် ၁-၁ ဆွစ်ဇာလန် စပိန် ၁-၀ အီတလီ
ဆွစ်ဇာလန် ၁-၁ ဂျာမနီ ခရိုအေးရှား ၁-၁ အီတလီ

အုပ်စု(က) ဒုတိယ ဆွစ်ဇာလန်နှင့် အုပ်စု(ခ) ဒုတိယ အီတလီတို့၏ပွဲတွင် နာမည်ကြီး အီတလီတို့၏ ခြေစွမ်းက မေးခွန်းထုတ်စရာဖြစ်နေ၍ အီတလီတို့ အခက်တွေ့မည့်ပွဲဖြစ်ပြီး သရေကျသွားနိုင်ကာ အီတလီနိုင်ပါကလည်း ဂိုးပြတ်ရန် မသေချာသည့်ပွဲမျိုးဖြစ်သည်။

**နှစ်သင်း၏ နောက်ဆုံး ၅ပွဲရလဒ်**

ဆွစ်ဇာလန်-နိုင်၊ သရေ၊ နိုင်၊ သရေ၊ သရေ အီတလီ-သရေ၊ နိုင်၊ နိုင်၊ ရှုံး၊ သရေ

**ဂျာမနီ - ဒိန်းမတ်**

ဇွန် ၃၀ရက်၊ (တနင်္ဂနွေနေ့)၊ နံနက် ၀၁း၃၀နာရီ

**နှစ်သင်းထိပ်တိုက်တွေ့ဆုံမှု**

၁၃-၆-၁၉၈၆ ဒိန်းမတ် ၂-၀ ဂျာမနီ (ကမ္ဘာ့ဖလား ၈၆ အုပ်စု)
၁၄-၆-၁၉၈၈ ဂျာမနီ ၂-၀ ဒိန်းမတ် (ယူရို ၈၈ အုပ်စု)
၂၇-၆-၁၉၉၂ ဒိန်းမတ် ၂-၀ ဂျာမနီ (ယူရို ၉၂ ဗိုလ်လုပွဲ)
၁၈-၆-၂၀၁၈ ။ ၁-၂ ။ (ယူရို ၂၀၁၈ အုပ်စု)

**နှစ်သင်း၏ အုပ်စုတွင်း ဖြတ်ကျော်မှု**

ဂျာမနီ ၅-၁ စကော့တလန် ဆလိုဗေးနီးယား ၁-၁ ဒိန်းမတ်
ဂျာမနီ ၂-၀ ဟန်ဂေရီ ဒိန်းမတ် ၁-၁ အင်္ဂလန်
ဆွစ်ဇာလန် ၁-၁ ဂျာမနီ ဒိန်းမတ် ၀-၀ ဆားဘီးယား

အုပ်စု(က) ပထမ အိမ်ရှင် ဂျာမနီနှင့် အုပ်စု(ဂ) ဒုတိယ ဒိန်းမတ်တို့ နှစ်သင်းသည် ခြေစမ်းပွဲများ အပါအဝင် ပြိုင်ပွဲစုံ၌ (၂၈)ကြိမ် ဆုံတွေ့ခဲ့ရာ ဂျာမနီက (၁၅)ကြိမ် အနိုင်ရထားပြီး (၅)ကြိမ် သရေကျကာ (၈)ကြိမ် ရှုံးနိမ့်ထားသဖြင့် အစဉ်အလာအရ ဂျာမနီတို့ အသာရနေသည့်အပြင် အိမ်ရှင် အခွင့်အရေးလည်းရှိနေ၍ ဂျာမနီတို့ ကပ်နိုင်မည့်ပွဲဖြစ်သည်။

**နှစ်သင်း၏ နောက်ဆုံး ၅ပွဲရလဒ်**

ဂျာမနီ-သရေ၊ နိုင်၊ နိုင်၊ နိုင်၊ သရေ ဒိန်းမတ်-နိုင်၊ နိုင်၊ သရေ၊ သရေ၊ သရေ

## ၂၀၂၄ ကိုပါ အမေရိကဖလား ဘောလုံးပြိုင်ပွဲ (အုပ်စုအဆင့်)

နိုင်ကမ္ဘာ

### အုပ်စု(က)နောက်ဆုံးပွဲစဉ်များ

ပွဲစဉ်(၁)ရလဒ် - အာဂျင်တီးနား ၂-၀ ကနေဒါ ပီရူး ၀-၀ ချီလီ
ပွဲစဉ်(၂)ရလဒ် - ပီရူး ၀-၁ ကနေဒါ ချီလီ ၀-၁ အာဂျင်တီးနား

### အုပ်စု(က)အမှတ်ပေးဇယား

| အဆင့် | အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ဂိုးကွာခြားမှု | ရမှတ် |
|---|---|---|---|---|---|---|---|---|---|
| ၁ | အာဂျင်တီးနား | ၂ | ၂ | - | - | ၃ | - | +၃ | ၆ |
| ၂ | ကနေဒါ | ၂ | ၁ | - | ၁ | ၁ | ၂ | -၁ | ၃ |
| ၃ | ချီလီ | ၂ | - | ၁ | ၁ | - | ၁ | -၁ | ၁ |
| ၄ | ပီရူး | ၂ | - | ၁ | ၁ | - | ၁ | -၁ | ၁ |

**အာဂျင်တီးနား - ပီရူး**

ဇွန် ၃၀ ရက် (တနင်္ဂနွေနေ့) နံနက် ၆း၃၀နာရီ

**နှစ်သင်းထိပ်တိုက်တွေ့ဆုံမှု**

၂၀-၆-၁၉၉၇ အာဂျင်တီးနား ၁-၂ ပီရူး (ကိုပါအမေရိကဖလားကွာတား)
၁၈-၇-၂၀၀၄ ပီရူး ၀-၁ အာဂျင်တီးနား (ကိုပါအမေရိကဖလားကွာတား)
၉-၇-၂၀၀၇ အာဂျင်တီးနား ၄-၀ ပီရူး (ကိုပါအမေရိကဖလားကွာတား)
၂၀၂၀-၂၁ အာဂျင်တီးနား ၁-၀ ပီရူး ၀-၂ အာဂျင်တီးနား (ကမ္ဘာ့ဖလား ၂၀၂၂ ခြေစစ်ပွဲ)
၁၈-၁၀-၂၀၂၃ ပီရူး ၀-၂ အာဂျင်တီးနား (ကမ္ဘာ့ဖလား ၂၀၂၆ ခြေစစ်ပွဲ)

အာဂျင်တီးနားနှင့် ပီရူးအသင်းတို့သည် ခြေစမ်းပွဲများ အပါအဝင် ပြိုင်ပွဲစုံ၌ (၁၈)ကြိမ် ဆုံတွေ့ခဲ့ရာ အာဂျင်တီးနားက (၁၃)ကြိမ် အနိုင်ရထားပြီး (၄)ကြိမ် သရေကျကာ (၁)ကြိမ်သာ ရှုံးနိမ့်ထား၍ ယခုပွဲတွင် အာဂျင်တီးနားတို့ သေချာပေါက်နိုင်မည်ဟု ခန့်မှန်းချင်ပါသည်။

**နှစ်သင်း၏ နောက်ဆုံး ၅ပွဲရလဒ်**

အာဂျင်တီးနား-နိုင်၊ နိုင်၊ နိုင်၊ နိုင်၊ နိုင် ပီရူး-နိုင်၊ သရေ၊ နိုင်၊ သရေ၊ ရှုံး

**ကနေဒါ - ချီလီ**

ဇွန် ၃၀ရက်၊ (တနင်္ဂနွေနေ့)၊ နံနက် ၆း၃၀နာရီ

**နှစ်သင်းနောက်ဆုံးတွေ့ဆုံမှု**

၁၃-၈-၁၉၈၇ ကနေဒါ ၂-၂ ချီလီ (ပန်အမေရိက အားကစားပြိုင်ပွဲ အုပ်စု)

အကြိတ်အနယ်ရှိမည့် ပွဲကောင်းတစ်ပွဲဖြစ်ပြီး နိုင်သည့်အသင်း နောက်တစ်ဆင့်တက်မည်ဖြစ်၍ ရေကုန်ရေခန်း ယှဉ်ပြိုင်ကစားကြမည့်ပွဲဖြစ်သည်။ သရေကျရန် နီးစပ်နေပြီး အနိုင်ဆိုပါက ချီလီကိုသာ ကပ်နိုင်မည်ဟု ခန့်မှန်းချင်ပါသည်။

**နှစ်သင်း၏ နောက်ဆုံး ၅ပွဲရလဒ်**

ကနေဒါ-နိုင်၊ ရှုံး၊ သရေ၊ ရှုံး၊ နိုင် ချီလီ-နိုင်၊ ရှုံး၊ နိုင်၊ သရေ၊ ရှုံး

# ပြည်တွင်း ပဲ၊ နှမ်းဈေးကွက် တစ်ခုလုံးအမြင့်ဈေးများ ပြန်လည်ဖြစ်လာ အရောင်းအဝယ်သွက်နေ

ပြည်တွင်းပဲ၊ နှမ်းဈေးကွက် တစ်ခုလုံး အမြင့်ဈေးများ ပြန်လည်ဖြစ်လာကာအရောင်းအဝယ် သွက်နေကြောင်း ပဲ၊နှမ်းကုန်သည်များထံက သိရသည်။

ဇွန်လကုန်ပိုင်းတွင် ဆီထွက်သီးနှံများဖြစ်သည့် နှမ်းမျိုးစုံနှင့် မြေပဲဆန်မှာ ဈေးကောင်း အဝယ်သွက်လာသလို၊ တရုတ်နိုင်ငံသို့ ပင်လယ်ရေကြောင်းမှ တင်ပို့နေသည့် ပဲတီစိမ်းနှင့် နှမ်းမျိုးစုံ၊ မြေပဲဆန် ဈေးကောင်းနေခြင်း ဖြစ်သည်။

ပဲ၊ နှမ်းဈေးကွက် တစ်ခုလုံး အမြင့်ဈေးနှင့် အရောင်းအဝယ် ပြန်လည်ကောင်းမွန်လာကြောင်း၊ ဇွန်လကုန်ပိုင်း ရက်များတွင် ပို့ကုန်ပဲများ ဈေးကျဆင်းနေရာမှ အနည်းငယ် ပြန်လည်မြင့်တက်လာသလို၊ ပြည်တွင်းသုံး ကုလားပဲ၊ မြေပဲဆန်၊ နှမ်းမျိုးစုံတို့ ဈေးကောင်း အဝယ်သွက်နေကြောင်း၊ လက်ရှိအချိန်တွင် ဧရာဝတီမြစ်ရိုးအထက်ပိုင်းမှ မြေပဲဆန်များ အဝင်နည်းလာတာနှင့် ပြည်တွင်း ဆီစက်ပိုင်များ အဝယ်ကောင်းနေတာကြောင့် မြေပဲဆီဆန်နှင့် မြေပဲလုံးဆန်မှာ ဈေးမြင့်အဝယ်သွက်နေခြင်းဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးကျော်သွင်(ရွှေစင်သိန်းပွဲရုံ)က ပြောသည်။

"ဧရာဝတီမြစ်ရိုးက ဝင်တဲ့ မြေပဲဆန်တွေ လမ်းပန်းဆက်သွယ်ရေးမကောင်းလို့ ဈေးကွက်ထဲ အဝင်နည်းလာတာနဲ့ ပြည်တွင်း ဆီစက်ပိုင်တွေ အဝယ်ကောင်းနေလို့ မြေပဲဆန် ဈေးကောင်းလာပါတယ်။ ပို့ကုန်မတ်ပဲနဲ့ပဲစင်းငုံ ဈေးကျဆင်းနေရာကနေ အနည်းငယ်ပြန်လည် ဈေးတက်လာပါတယ်။ အလားတူ ပြည်တွင်းသုံးကုလားပဲအုပ်စုလည်း အမျိုးအစားအလိုက် တစ်အိတ် ငွေကျပ် ၃၀၀၀-၅၀၀၀ခန့် ဈေးတက်လာပါတယ်။ ပဲတီစိမ်းနဲ့ နှမ်းမျိုးစုံလည်း ဈေးကောင်းလာပါတယ်။ ပဲနှမ်းဈေးကွက် တစ်ခုလုံး အမြင့်ဈေးနဲ့ ပုံမှန် အရောင်းအဝယ် ကောင်းနေပါတယ်"ဟု ၎င်းကပြောသည်။



ဇွန် ၂၇ ရက်တွင် ပို့ကုန်ပဲများ အနည်းငယ် ဈေးကျဆင်းနေရာ ပို့ကုန်မတ်ပဲတစ်အိတ်လျှင်ငွေကျပ် ၃၁၀၀၀၀၊ ပဲစင်းငုံတစ်အိတ်လျှင်ငွေကျပ် ၄၃၀၀၀၀ ပေါက်ဈေးဖြစ်လာသည်။ပဲတီစိမ်းအညာတစ်အိတ်လျှင် ငွေကျပ် ၁၉၈၀၀၀ ပေါက်ဈေး ဖြစ်လာသည်။

ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာ ဆက်လက်ဈေးပြန်မြင့်တက်လာရာ ဇွန် ၂၇ရက်တွင် ကုလားပဲ V2 တစ်အိတ်လျှင် ငွေကျပ် ၂၅၄၀၀၀၊ ကုလားပဲ V7 တစ်အိတ်လျှင် ငွေကျပ် ၂၆၀၀၀၀၊ ထိုင်ဝမ်ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂၃၅၀၀၀၊ ၉၂၉ ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂၄၃၀၀၀ အသီးသီး ပေါက်ဈေးရှိလာသည်။

ပြည်တွင်းဆီစက်ပိုင်များ ဆီဆန် အဝယ်ကောင်းနေသလို ဈေးကွက်အတွင်းအဝင်နည်း နေတာကြောင့် မြေပဲဆန်မှာ အဝယ်သွက်ဆုံးဖြစ်နေသည်။ ပဲကြီးတစ်အိတ်လျှင်ငွေကျပ် ၂၃၀၀၀၀၊ ပဲထောပတ်တစ်အိတ်လျှင် ငွေကျပ် ၄၅၀၀၀၀၊မြေထောက်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၃၀၀၀၀၊ကျွန်းစားတော်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၀၀၀၀၀၊ ပေါက်ဈေးရှိနေပြီး မြေပဲအနီလုံးဆန် တစ်ပိဿာလျှင် ငွေကျပ် ၇၆၀၀ ပေါက်ဈေး ရှိနေသည်။

ဇွန် ၂၇ ရက်တွင် နှမ်းမျိုးစုံ အနည်းငယ်ဆက်လက် မြင့်တက်လာရာနှမ်းဖြူ(ဂျပန်) ၄၅ ပိဿာ တစ်အိတ်လျှင်ငွေကျပ်၄၂၅၀၀၀၊ နှမ်းနက်စမုန် တစ်အိတ်လျှင် ငွေကျပ် ၄၇၀၀၀၀ အသီးသီး ပေါက်ဈေး ရှိနေကြောင်းသိရသည်။

ရွှေမန်း



## ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း (VDP) စီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

စဉ့်ကိုင် ဇွန် ၂၈

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက၂၀၂၄ -၂၀၂၅ ဘဏ္ဍာနှစ်တွင် အိုးထိန်းတောင်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် စီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယမန်နေ့က အဆိုပါ ကျေးရွာဓမ္မာရုံ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မီမီအောင်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်နှင့် စီမံကိန်း အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။ (အပေါ်ပုံ)

ဆက်လက်၍ (VDP) စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာကော်မတီဝင် ရွေးချယ်မှုသတ်မှတ်ချက်များ၊ စီမံကိန်းကော်မတီဝင်များ တာဝန်ယူဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေးအတွက် စီမံကိန်းလုပ်ငန်း ဖော်ဆောင်ရန် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် (၇)ဦးကို အများသဘောဆန္ဒနှင့်အညီ အတည်ပြုရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

စဉ့်ကိုင်မြို့နယ် အိုးထိန်းတောင်ကျေးရွာ၌ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားစေရန်အတွက် ၂၀၂၄-၂၀၂၅ဘဏ္ဍာနှစ်၊ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေကျပ်သိန်း ၁၅၀၊ကျေးရွာပြည်သူထည့်ဝင်ငွေတို့ဖြင့် ကျေးရွာအဝင်လမ်းအားကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ပြောသည်။ (၄၄၅)

## အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ပြည်သူများထံသို့ တိုက်ရိုက်ရောင်းချပေးလျက်ရှိ

မန္တလေး ဇွန် ၂၈

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့်ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ကုန်ဈေးနှုန်းတည်ငြိမ်ရေးအတွက် ပြည်သူများထံသို့ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် တိုက်ရိုက်ရောင်းချမှု အစီအစဉ်ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးကြီး၊ ၂၆ လမ်းနှင့်၂၇လမ်းကြား၊ ၇၁လမ်းနှင့် ၇၂လမ်းကြားတွင် မွန်းလွဲ ၂ နာရီမှ စတင်ကာ ရောင်းချပေးခဲ့သည်။ (ယာပုံ)

မန္တလေးတိုင်းဒေသကြီး ဆန်ကုန်သည်များအသင်း၊ ဆန်စက်ပိုင်များအသင်း၊ ဆန်လက်လီရောင်းချသူများတို့က ရည်ညွှန်းဈေးအတိုင်း ရွှေဘိုပေါ်ဆန်း၊ ဧရာမင်း၊ ဧည့်မထဆန်များကို သက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးခဲ့သည်။

ပြည်သူများထံသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ပြီး အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးဆောင်ရွက်ပေးလျက်ရှိသည်။




အခြေခံစားသောက်ကုန် သက်သာအရောင်းဆိုင် ဖွင့်လှစ်ရောင်းချပေးမည့် အစီအစဉ်များကို စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များတွင် ရပ်နားထားပြီး ရုံးဖွင့်ရက်များတွင် ပုံမှန် ရောင်းချပေးသွားမည်ဖြစ်သည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင်ဈေးများနှင့် စားအုန်းဆီအသင်းမှ ဖြန့်ဖြူးရောင်းချပေးသော အဆိုပြု ဆီဆိုင်များတွင် စားအုန်းဆီများကို နံနက် ၈ နာရီမှစတင်ကာ နေ့စဉ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။ (မန္တလေးနေ့စဉ်-၆)




## အသိပညာပေး Talk Show ရိုက်ကူး

မန္တလေး ဇွန် ၂၈

လူငယ်နှင့် စာဖတ်ခြင်း အကျိုးကျေးဇူးခေါင်းစဉ်ဖြင့် အသိပညာပေး Talk Show အစီအစဉ်ကို ဇွန် ၂၇ ရက် နံနက် ၁၀ နာရီက မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ Community Centre ခန်းမတွင် ကျင်းပခဲ့သည်။ (အပေါ်ပုံ)

အဆိုပါ Talk Show အစီအစဉ်တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်တင့်တင့်ရွှေ၊ မြို့နယ်စာရေးဆရာအသင်းအဖွဲ့ဝင် ဦးဆန်းဦး(ဆရာမင်းလပြည့်-ဟားခါး)တို့က စာပေသုခုမအနုပညာသက်ဝင်အောင်ဖန်တီးခြင်း၊လူငယ်များ အသိပညာဗဟုသုတဖွံ့ဖြိုးတိုးတက်စေရန် စာဖတ်စေလိုခြင်း၊ စာဖတ်ခြင်းကြောင့် အသိပညာဗဟုသုတရရှိစေခြင်း၊ ကိုယ်ကျင့်တရားကောင်းမွန်စေခြင်း၊ ဗလငါးတန်ဖွံ့ဖြိုးစေခြင်း၊မှန်ကန်သောအသိတရားများရရှိစေရန် စာပေကို ဖတ်ရှုသင့်ပါကြောင်း စသည့် အသိပညာလုပ်ငန်းများအား ပြည်သူများသိရှိနိုင်ရန် Talk Show ရိုက်ကူးဆွေးနွေးကြကြောင်း သိရသည်။ (၀၉၃)

အသက်သည် သွေး
သွေးသည်
အသက် ။



## အမျိုးသမီးများတွင် ဖြစ်ပွားလေ့ရှိသော ကင်ဆာရောဂါအကြောင်းနှင့် လူကုန်ကူးမှု၊လူမှောင်ခိုမှုအကြောင်း သိကောင်းစရာ အသိပညာပေးဟောပြောပွဲကျင်းပ

**မိတ္ထီလာ ဇွန် ၂၈**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့မှ အမျိုးသမီးများ ဖြစ်ပွားလေ့ရှိသော ကင်ဆာရောဂါနှင့်လူကုန်ကူးမှု၊လူမှောင်ခိုမှု အကြောင်း သိကောင်းစရာ အသိပညာပေး ဟောပြောပွဲကို ဇွန် ၂၅ ရက် နံနက်ပိုင်းက မိတ္ထီလာ ပညာရေးကောလိပ် ပညာပါရမီ ခန်းမတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် မိတ္ထီလာခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာစောမြင့်ထူးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး မိတ္ထီလာခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာ အေးအေးကျော်က အမျိုးသမီးများတွင် ဖြစ်ပွားတတ်သော ကင်ဆာရောဂါအကြောင်း ဆွေးနွေးဟောပြောခဲ့သည်။

ထို့နောက် အမှတ်(၁) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စိတ် ဒုတိယရဲမှူးသက်ထွန်းအောင်က လူကုန်ကူးမှု၊လူမှောင်ခိုမှုအကြောင်းအရာများကို ဆွေးနွေး ပြောကြားခဲ့ပြီး မြို့နယ်ဥပဒေရုံးမှ ဒုတိယဥပဒေအရာရှိ ဦးဖြိုးလှိုင်ဟိန်းက အမျိုးသမီးများဆိုင်ရာ အကာအကွယ်ပေးသည့် အခွင့်အရေးနှင့် ဥပဒေဆိုင်ရာ ကိစ္စရပ်များအား ဟောပြောဆွေးနွေးခဲ့သည်။

ယင်းနောက် လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေး အထိမ်းအမှတ် ကွန်ပျူတာပန်းချီနှင့် ပန်းချီပြိုင်ပွဲတို့တွင် ဆုရရှိသည့် ကျောင်းသား၊ကျောင်းသူများအား မိတ္ထီလာခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ပြီး ပညာရေးကောလိပ်မှ ကျောင်းသား၊ကျောင်းသူများက လူကုန်ကူးမှုနှင့် ဆိုင်သည့် တစ်ခန်းရပ်ပြဇာတ်ကို ကပြဖျော်ဖြေခဲ့ကြသည်။

အဆိုပါ အခမ်းအနားကို မိတ္ထီလာခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ၊ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာ အေးအေးကျော်၊ အမှတ်(၁) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး တပ်ဖွဲ့စိတ်၊ဒုတိယရဲမှူးသက်ထွန်းအောင်နှင့် ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊မိတ္ထီလာပညာရေးကောလိပ်မှ ဒုတိယကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

(၄၆၉)

*- *- *- *- *

## ဒေသအခေါ် ငှက်စွတ်မှိုကို အသင့်စားသုံးနိုင်ရေးချက်ပြုတ်၍ မြို့နယ်အသီးသီးသို့ ဖြန့်ချိရောင်းချခြင်း လုပ်ငန်းတွင်ကျယ်လာ

**ကသာ ဇွန် ၂၈**

ကသာမြို့နယ် သဘာဝတော ရှိ ခြတောင်ဖိုနှင့် ခြတွင်းရှိရာ နေရာပေါ်၌ ပေါက်လေ့ရှိသော ဒေသအခေါ် ငှက်စွတ်မှိုကို အသင့်စားသုံးနိုင်ရေး ငရုတ်ကောင်း၊ ကြက်သွန်၊ ဆား ဆီသန့်များဖြင့် ကြာရှည်ခံအောင် မှိုခြောက်သည်အထိ ချက်ပြုတ်၍ မြို့နယ် အသီးသီးသို့ ဖြန့်ချိရောင်းချခြင်း လုပ်ငန်း တွင်ကျယ်လာသည်။

ရှေးဦးစွာ အသင့်စားသုံးနိုင်သော မှိုဟင်းတစ်ခွက်ကောင်းဖြစ်ဖို့ ငှက်စွတ်မှိုအပွင့်ကြီးရင် တစ်ပွင့်ကို ငွေကျပ် ၅၀၀၊သုံးပွင့် ၁၀၀၀ ပေးဝယ်ရတာလည်းရှိတယ်၊ ငွေလုံးငွေရင်းစိုက်ထုတ်၍ ဝယ်ယူပြီးသော ငှက်စွတ်မှိုကို ရေသန့်စင်ဆေးကြောခြင်း၊အစိတ်အစိတ်အမွှာမွှာဖြစ်အောင် ပြုလုပ်ကာ ငရုတ်၊ ကြက်သွန်၊ ဆား ဆီသန့်ထည့်သွင်း၍ အရည်ခန်းခြောက်အောင် မီးအားကောင်းကောင်းဖြင့် နူးအိနေအောင် ရောသမခြင်းပြုလုပ်ပြီး တစ်ပိဿာဆံ့ပုလင်း၊ ဘူးဖြင့် ထည့်သွင်းကာမှာယူရာ မြို့နယ်အသီးသီးသို့ တစ်ဘူးလျှင် ငွေကျပ် ၁၅၀၀၀ ဈေးဖြင့် ရောင်းချပေးလျက်ရှိကြောင်းနှင့် မှိုရေဆေးသူများလည်း တစ်နေ့ဝင်ငွေကျပ် တစ်သောင်း၊ ၁၅၀၀၀ ရရှိ၍ အလုပ်အကိုင်အခွင့်အလမ်းများရရှိကြသည်ဟု ငှက်စွတ်မှိုချက်ရောင်းသူတစ်ဦးက ပြောသည်။

ကသာမြို့ တောတောင်များ၊ နေအိမ်ခြံစည်းရိုးများတွင် အလေ့ကျ ပေါက်ရောက်လျက်ရှိသော တောင်ဘိုမှို၊ငှက်စွတ်မှိုနှင့်ဆောက်မှို၊ တုံးမှို၊ အခြားမှိုအမျိုးမျိုး ပေါက်ရောက်လေ့ရှိသော ဒေသဖြစ်၍ သစ်တောထွက်သယံဇာတကို အမှီပြု၍ ရာသီပေါ်မှိုအမျိုးမျိုး ရှာဖွေရောင်းချသူများ အလုပ်အကိုင် အခွင့်အလမ်းရရှိလျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)

(၄၅၇)



## သင်္ဂဇာချောင်း၊ ကန်တော်ကြီး၊ တောင်သမန်ကန်နှင့် ကမ်းနားလမ်းသန့်ရှင်းသာယာလှပရေး ဆောင်ရွက်

**မန္တလေး ဇွန် ၂၈**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသည် သင်္ဂဇာချောင်း၊ကန်တော်ကြီးနှင့် တောင်သမန်ကန် ရေအရည်အသွေးကောင်းမွန်ရေး၊ ရေစီးရေလာကောင်းမွန်ရေးနှင့် သန့်ရှင်းသာယာလှပရေးအတွက် လုပ်ငန်းကော်မတီဖွဲ့စည်း၍ လုပ်ငန်းများကို စီမံချက်ချမှတ်ပြီး လုပ်ငန်းကဏ္ဍအသီးသီးအလိုက် နေ့စဉ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ လုပ်ငန်းများဆောင်ရွက်ရာတွင် ယမန်နေ့က သင်္ဂဇာချောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် အောင်မြေသာစံမြို့နယ် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများသည် သင်္ဂဇာချောင်း အတွင်းမှ ဗေဒါ၊ ဒိုက်များကို လုပ်သားများက ဆယ်ယူရှင်းလင်းခြင်းနှင့် အလယ်ပေါင်တံတားတောင်ဘက်ချောင်းအတွင်းမှ ဗေဒါနှင့် ဒိုက် များကို ဗိုးဘက်ဟိုးစက်အသုံးပြု၍ ဆယ် ယူ ရှင်း လင်း ခြင်း နှင့် ၂၂လမ်းနှင့် ၂၃လမ်းကြား ချောင်းအတွင်းမှ ဗေဒါနှင့်ဒိုက်များကို Longarm စက်အသုံးပြု၍ ဆယ်ယူရှင်းလင်းခြင်းနှင့် ၂၅လမ်းနှင့် ၂၆လမ်းကြားရှိ ချောင်းအတွင်းမှ အမှိုက်ဒိုက်နှင့် ဗေဒါများကို PC-200 စက်အသုံးပြု၍ ဆယ်ယူရှင်းလင်းနှင့် စက်ယန္တရားများဖြင့် ဆယ်ယူနိုင်ရန် လုပ်သားများက လှေငယ်များဖြင့် ဗေဒါနှင့် ဒိုက်များ တွန်းပို့ဆောင်ရွက်ခြင်းနှင့် ၂၂လမ်းနှင့် ၂၆လမ်းကြားတွင် အမှိုက်သိမ်း ဝန်ထမ်းများဖြင့် အမှိုက်၊ဒိုက်နှင့် ဗေဒါများကို သိမ်းဆည်းခြင်းလုပ်ငန်းကို စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

ချမ်းအေးသာစံမြို့နယ် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများသည် သင်္ဂဇာချောင်း ရေစီးရေလာ ကောင်းမွန်ရေးအတွက် သင်္ဂဇာချောင်းအနောက်ဘက် ချောင်းအတွင်း ဗေဒါနှင့် ဒိုက်များကို လုပ်သားများက ၃၁လမ်းနှင့် ၃၂လမ်းကြား ဆယ်ယူရှင်းလင်းခြင်းနှင့် သင်္ဂဇာချောင်းသာယာလှပရေးအတွက် အနောက်ဘက်ပတ်လမ်း ၃၁လမ်းနှင့် ၃၂လမ်းကြားတွင် လုပ်သားများက မြက်ချုံခုတ်ခြင်းနှင့် ဒိုက်အမှိုက်များ သိမ်းဆည်းခြင်းကို စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

သင်္ဂဇာချောင်းသည် ကန်တော်ကြီးအတွင်း စီးဝင်သည့်ချောင်းတစ်ခုဖြစ်ပြီး အလားတူ ရွှေတချောင်းမြောင်း၊တက်မြောချောင်း၊ ငွေတချောင်းမြောင်း၊ ရေကြည်မြောင်းများသည်လည်း စီးဝင်သဖြင့် ရေစီးရေလာကောင်းမွန်စေရေး ချောင်းကို မြောင်းရေနှင့် ဆေးချသည့်နည်း အသုံးပြုဆောင်ရွက်ထားသည်။

ကန်တော်ကြီးသာယာလှပရေးအတွက် ပန်းဥယျာဉ်နှင့်ကစားကွင်းများဌာနမှ တာဝန်ရှိသူများသည် ကန်တော်ကြီးတောင်ဘက်ကန်ရှိ ဗေဒါများကို ဘက်ဟိုးစက်တစ်စီး၊ Longarm စက်တစ်စီးနှင့် ကန်တော်ကြီးဥယျာဉ်အဖွဲ့၊ ကန်ပတ်လမ်းအဖွဲ့နှင့် ကမ်းနားလမ်းအဖွဲ့လုပ်သား ၁၀၀ ဦး ကမ်းကပ်ဆယ်ယူရှင်းလင်းရာ တန် ၁၆၀ ခန့်ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့ပြီး ဗေဒါဖြတ်စက် နှစ်စီးအသုံးပြု၍ ဖြတ်တောက်ဆောင်ရွက်ရာ တစ်ဧကခွဲခန့် ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့ကြသည်။

ကမ်းနားလမ်းသာယာလှပရေးအတွက် ဇုန်များသတ်မှတ်၍ လုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ယမန်နေ့ နေ့လယ်ပိုင်းက ချမ်းအေးသာစံမြို့နယ် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများသည် ဇုန်(၂) ၃၄ လမ်းနှင့် ၃၅လမ်းကြား လမ်းဘေးဝဲ၊ယာနှင့် လမ်းလယ်ကျွန်းနေရာများတွင် ဖုန်၊သဲ၊အမှိုက်များ တံမြက်စည်းလှည်းခြင်း၊အမှိုက်ကောက်ဆောင်ရွက်ခြင်းနှင့် သိမ်းဆည်းခြင်းလုပ်ငန်းများကို လုပ်သားများက စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၃)

*- *- *- *- *



## ကမ္ဘာ့အိုလံပစ်နေ့အထိမ်းအမှတ် ဝူရှူးပြိုင်ပွဲနှင့် သရုပ်ပြပွဲ ကျင်းပမည်

**မန္တလေး ဇွန် ၂၈**

မန္တလေးတိုင်းဒေသကြီး ဝူရှူးအားကစား ဆပ်ကော်မတီမှ ကြီးမှူးကျင်းပမည့် ၂၀၂၄ ခုနှစ် ကမ္ဘာ့အိုလံပစ်နေ့အထိမ်းအမှတ် ဝူရှူးပြိုင်ပွဲနှင့် သရုပ်ပြပွဲအခမ်းအနားကို မန္တလေး၊ချမ်းအေးသာစံမြို့နယ်၊ လမ်း၃၀၊ လမ်း၇၀နှင့် ၇၁လမ်းကြားရှိ ဗထူးအားကစားကွင်း မိုးလုံလေလုံအားကစားခန်းမတွင် ဇွန် ၂၉ ရက် နံနက် ၈နာရီတွင် စတင်ကျင်းပမည်။ ဇွန် ၃၀ရက် နံနက် ၁၀ နာရီတွင် ဆုပေးပွဲအခမ်းအနားကျင်းပမည်ဖြစ်ရာ မည်သူမဆို အခမဲ့လာရောက် ကြည့်ရှုနိုင်ကြောင်း သိရသည်။

(ဝဲပုံ) (၀၄၅)



# မန္တလေးချစ်စိတ်၊ ပရဟိတစိတ်ဖြင့် မွန်မြတ်သော ပညာရေးအထောက်အပံ့

**ယနေ့တွင် မဟာအောင်မြေမြို့နယ်၊ အမှတ်(၄)အခြေခံပညာအလယ်တန်းကျောင်းခွဲသို့ မိတ်ဆွေတစ်ဦး၏ လမ်းညွှန်မှုဖြင့် ကျောင်းသား၊ ကျောင်းသူများအား ပညာရေးနှင့်ပတ်သက်သည့် အထောက်အပံ့ပစ္စည်းများလှူဒါန်းခြင်းနှင့် အာဟာရ ကုသိုလ်ပြုသည့်အခမ်းအနားတစ်ခုသို့ ရောက်ရှိခဲ့သည်။ အခမ်းအနားမစမီအချိန်ဖြစ်၍ ကျောင်းဝင်းအတွင်း ကျောင်းသား၊ ကျောင်းသူများ၏ စာအံ သံများ ကြားနေရသည်။ ထိုအသံများသည် မိဘများအတွက် အားမာန်များဖြစ်ပြီး နိုင်ငံအတွက် ခွန်အားများဖြစ်သည်။**

စည်းကမ်းအစ-စာသင်ကျောင်းက ဟူသော ဆောင်ပုဒ်နှင့်အတူ စည်းကမ်းရှိ၍ ပညာရည်မြင့်မားသော ကျောင်းသား၊ ကျောင်းသူများမွေးဖွားရာ အုတ်မြစ်ဟုဆိုရမည်ဖြစ်ပြီး တိုင်းပြည်အတွက် လူကောင်းလူတော်များဖြစ်အောင် လေ့ကျင့်ပျိုးထောင်ရာ အသိပညာရှင်၊ အတတ်ပညာရှင်များ မွေးထုတ်ပေးရာ စာရိတ္တပျိုးဥယျာဉ်များသည် စာသင်ကျောင်းများဖြစ်သည်။

မိဘ ဆရာပူးပေါင်းပြီး ကလေးငယ်များ၏ ပညာရေးပန်းတိုင် အရောက်လှမ်းနိုင်ရေးမှာ အရေးကြီးသကဲ့သို့ အခြားလိုအပ်သော အထောက်အပံ့များကိုလည်း အားလုံးက ဝိုင်းဝန်းကူညီသင့်သည်။ ထောက်ပံ့သင့်သည်ဖြစ်ရာ ပရဟိတစိတ်ဓာတ်ရှိသူများ စုပေါင်းပါဝင်ကြသည်ကို ယနေ့ မျက်မြင်တွေ့ခဲ့ရပြီး ဝမ်းသာ ပီတိဖြစ်ခဲ့ရသည်။

ယနေ့ရောက်ရှိခဲ့သည်မှာ မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁) ရပ်ကွက်တွင်ရှိသော အမှတ်(၄)အခြေခံပညာအလယ်တန်းကျောင်းခွဲတွင် ပညာသင်ကြားနေကြသည့် ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းအုပ်ကြီးများအား ထောက်ပံ့ကူညီသည့် အခမ်းအနားဖြစ်သည်။ ကျောင်းသုံးစာအုပ်၊ စာရေးကိရိယာနှင့် ကျောင်းသားများအတွက် လိုအပ်သည့် ပစ္စည်းများကို ထောက်ပံ့လှူဒါန်းပြီး အာဟာရ ကုသိုလ်အဖြစ် ရေခဲမုန့်နှင့် တည်ခင်းကျွေးမွေးသည်။

ထိုအခမ်းအနားသို့ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူး ဆယ်အိမ်မှူးများ၊ ရပ်မိရပ်ဖများ၊ ရပ်ကွက်ပြည်သူများ အမှတ်(၄) အခြေခံပညာအလယ်တန်းကျောင်းခွဲတွင် ဒုတိယအကြိမ် ထောက်ပံ့လှူဒါန်းခြင်းဖြစ်သည်။ ထိုသို့ ထောက်ပံ့လှူဒါန်းမှုသည် ကျောင်းနေအရွယ်ကလေးငယ်များအတွက် ခွန်အားဖြစ်စေသည်။ ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများအတွက် အင်အားဖြစ်စေခဲ့သည်။ ကျောင်းသားမိဘများအတွက် ပီတိဖြစ်စေသည်။

ပညာရေးအထောက်အပံ့ဖြစ်သည့် ကျောင်းသုံးပစ္စည်းများကို ကျောင်းသား၊ ကျောင်းသူ ၃၁၃ ဦးတို့အား ထောက်ပံ့ပေးသည့်အပြင် တစ်ဦးချင်းစီအတွက် ထပ်မံ၍ ကျောပိုးအိတ်များ၊ ကွန်ပါဘူးများစသည့် ကျောင်းသုံးပစ္စည်းများကို ကံစမ်းမဲဖောက်ပေးကာ ကျောင်းသားများကို ရင်ခုန်ပျော်ရွှင်စေခဲ့သည်။ မဲပေါက်သူက ပို၍ပျော်ပါလိမ့်မည်။ ကျောင်းသား၊ ကျောင်းသူအားလုံးမှာ ကျောင်းသုံးပစ္စည်းတစ်ခုစီရကြပြီး ရေခဲမုန့်လည်းစားရသည်ဖြစ်၍ ဗလာမဲကျသူကလည်း ပြုံးရွှင်လျက်တွေ့ရသည်။ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများကိုလည်း ထောက်ပံ့မှုပြုခဲ့သည်။ ထိုအခမ်းအနားသို့ တက်ရောက်ကြသော ရပ်မိရပ်ဖများ၊ အလှူရှင်များ၊ သက်ဆိုင်ရာ ဖိတ်ကြားထားသူများက ကျောင်းသား၊ ကျောင်းသူများနှင့်အတူ ရေခဲမုန့်စားကာ သူတို့၏ ပရဟိတစိတ်ဖြင့် ထောက်ပံ့လှူဒါန်းသော ကောင်းမှုကုသိုလ်အပေါ် ကြည်နူးပီတိဖြစ်နေကြလေသည်။



**မန္တလေးချစ်စိတ်**

မန္တလေးသားတို့သည် ဒေသစွဲကြီးသည်ဟု နယ်ပယ်အသီးသီးက ပြောကြသည်မှာ ရာနှုန်းပြည့် မှန်ကန်ခြင်းမရှိသော်လည်း မန္တလေးတောင်နှင့် ကျုံးမြို့ရိုးကြီးကို ချစ်ကြသည်။ နေညိုညို ကျုံးနံဘေးတွင် လမ်းလျှောက်သူ၊ အပန်းဖြေသူ၊ စက်ဘီးစီးသူ၊ ဆိုင်ကယ်စီးပြီး လေညင်းခံသူ၊ ဆောင်းရာသီဆိုလျှင် မနက် နေလုံးနီနီမထွက်မီ ၄ နာရီကျော်သည်နှင့် ကျုံးဘေးတွင် အစုအဖွဲ့အလိုက် ကျန်းမာရေးအတွက် အားကစားလုပ်သူများကို တွေ့ရသည်။

ရွှေခြေချင်း ခေတ်မဟုတ်သော်လည်း ယနေ့တိုင် ကျွန်တော်-ခင်ဗျားပြောဆိုသော မန္တလာသူများကြောင့်လည်း မန္တလေးဂုဏ်သတင်းကြီးမားခဲ့သည်။ မန္တလေးမုန့်တီ၊ မန္တလေးထိုးမုန့် မန္တလေးမြီးရှေ့ စသည့် စားဖွယ်စုံတို့တွင်လည်း မန္တလေးက နာမည်ကြီးသည်။

အများအကျိုး ရွက်သယ်ပိုးသော ပရဟိတစိတ်ထက်သန်သူများကြောင့်လည်း ဘုံဆွမ်းလောင်းအသင်းများစွာရှိခြင်းကြောင့် သာသနာအတွက် အထောက်အပံ့ရရှိသည်။ ရပ်ကွက်အလိုက် သာရေးနာရေးအသင်းများ၊ လူမှုကူညီရေးအသင်းများစွာရှိခြင်းကြောင့် မြို့နေလူထုအတွက် အကူအညီအထောက်အပံ့များရရှိစေသည်။ ထိုထိုသော အကြောင်းများက မန္တလေးပုံရိပ်နှင့် မန္တလေးချစ်စိတ်ဖြစ်ပြီး ပရဟိတစိတ်ရင့်သန်ခြင်း၏ အကြောင်းအရင်းတစ်ခုဟု ဆိုရမည်။

**ပရဟိတစိတ်**

ပရဟိတဆိုသည်မှာ အများနှင့်ဆိုင်သော လိုအပ်ချက်များကို တစ်ထောင့်တစ်နေရာမှ လုပ်အား၊ ငွေအား စသည်ဖြင့် ပုဂ္ဂလိကအနေနှင့်ဖြစ်စေ၊ အများစုပေါင်း၍ဖြစ်စေ ကူညီခြင်း၊ထောက်ပံ့ခြင်းဖြစ်သည်။ မန္တလေးမြို့ ရပ်ကွက်အသီးသီးတွင် လူမှုရေးအသင်းအဖွဲ့များရှိပြီး တစ်ချိန်က သာရေးနာရေးအသင်းဟု အမည်တွင်ခဲ့သည်။ ဘုရားပွဲ ကျောင်းပွဲ ရပ်ကွက်အတွင်း အလှူအတန်း မင်္ဂလာဆောင်နှင့် နာရေးကိစ္စများတွင် ဦးစိုက်လုပ်ဆောင်ကြသည်။ ထိုလုပ်ဆောင်မှုသည် စည်းလုံးညီညွတ်မှုနှင့် ပရဟိတစိတ်ကို ဖော်ညွှန်းနေပါသည်။

အချို့မှာ အသင်းအဖွဲ့အနေဖြင့် မဟုတ်ဘဲ ဦးဆောင်သူက သူနှင့်နီးစပ်ရာ မိတ်ဆွေသင်္ဂဟ အပေါင်းအသင်းများနှင့်ပေါင်းစပ်၍ ပရဟိတဆောင်ရွက်ကြသည်။ သံဃာတော်များအား အပတ်စဉ် (သို့မဟုတ်)လစဉ် ဘုံဆွမ်းလောင်းလှူခြင်း၊ သက်ကြီးရွယ်အိုများကို ထောက်ပံ့ခြင်း၊ ကျောင်းသား၊ ကျောင်းသူများကို ပညာရေးဆိုင်ရာ လိုအပ်ချက်များ ထောက်ပံ့ခြင်း၊ မိဘမဲ့ဂေဟာများသို့ လှူဒါန်းခြင်း၊ စတုဒိသာကျွေးမွေးခြင်းနှင့် သာမှုနာမှုများတွင် ပူးပေါင်းဆောင်ရွက်ကြသည်။ ၎င်းသည် ပရဟိတစိတ်ဓာတ်ရင့်သန်သူများ၏ လုပ်ငန်းစဉ်များပင် ဖြစ်ပေသည်။

ပညာရေးထောက်ပံ့လှူဒါန်းပွဲဖြစ်မြောက်ရေးတွင် ဦးဆောင်သူ ဦးနေမင်းဦးသည် အသင်းအဖွဲ့ဖွဲ့စည်းခြင်းမရှိဘဲ ရပ်မိရပ်ဖများ၊ ကုသိုလ်ရှင်များ၊ သူ၏ မိတ်ဆွေအပေါင်းအသင်းများနှင့် စိတ်တူကိုယ်တူပေါင်းစပ်၍ သံဃာတော်များအား တစ်လလျှင် နှစ်ကြိမ် ဘုံဆွမ်းလောင်းလှူခြင်း၊ သက်ကြီးရွယ်အို ဘိုးဘွားများကို လစဉ်ထောက်ပံ့ခြင်း၊ ပြည့်စုံမှုအားနည်းသော ကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများအား စာရေးကိရိယာ၊ ကျောင်းသုံးပစ္စည်းနှင့် အာဟာရကျွေးမွေးမှုများကို လုပ်ဆောင်နေသည်ဟု သိရသည်။

"ပညာရေးအထောက်အပံ့အဖြစ် မန္တလေးမြို့ပေါ်သာမက တခြားမြို့ရွာကိုသွားပြီး ကျောင်းသား၊ ကျောင်းသူပေါင်း ၃၅၀နဲ့ ၅၀၀ ကြားအတွက် စာရေးကိရိယာ၊ ကျောင်းဝတ်စုံ၊ ကျောင်းသုံးပစ္စည်းဖြစ်တဲ့ အိတ်နဲ့ စက်ဘီး စသဖြင့် ထောက်ပံ့ပါတယ်။ ဒါကြောင့် ပညာရေးနဲ့ပတ်သက်လို့ ထောက်ပံ့လှူဒါန်းတာပါ။ အဲဒီအတွက် ကျွန်တော်ကိုယ်တိုင်ငွေကြေးထည့်ဝင်သလို အပေါင်းအသင်း မိတ်ဆွေတွေကို ဆော်ဩပြီး ရတဲ့ငွေကြေးနဲ့ လှူဒါန်းတယ်။ ခုလို ထောက်ပံ့လှူဒါန်းတာက တိုင်းပြည်ရဲ့ အနာဂတ်သားကောင်းတွေ ပညာတတ်တွေဖြစ်ဖို့။ ပညာတတ်မှ တိုင်းပြည်တိုးတက်မှာပါ။ မပြည့်စုံတဲ့ ကျောင်းတွေမှာ လှူဒါန်းတာဖြစ်တော့ သူတို့အတွက် ဖြည့်ဆည်းပေးနိုင်တာကို ဝမ်းသာပီတိဖြစ်ရပါတယ်။ဒီနေ့ အမှတ်(၄)(အလက)မှာ လှူတာက ဒုတိအကြိမ် ရှိသွားပြီ"ဟု ဦးနေမင်းဦးက ပြောသည်။

မန္တလေးမြို့ အခြားသော ရပ်ကွက်များတွင်လည်း သာသနာအထောက်အပံ့အဖြစ် အပတ်စဉ်၊ လစဉ် ဆွမ်းလောင်းအသင်းများလည်းရှိသည်။ဦးနေမင်းဦးနှင့် ရပ်မိရပ်ဖများ၊ မိတ်ဆွေများစုပေါင်း၍ လဆန်း ၁ရက်တွင် သိပ္ပံလမ်းနှင့် ၆၈လမ်းတွင်လည်းကောင်း၊ လပြည့်နေ့တွင် ၃၅လမ်းနှင့်၆၉လမ်းတွင်လည်းကောင်း နေရာတစ်ခုလျှင် သံဃာအပါး ၃၀၀ ကျော်(တစ်လလျှင် သံဃာအပါး ၆၀၀ ကျော်) တို့ကို ဆွမ်း၊ ဘောဇဉ်ချိုချဉ်တို့အပြင် စာရေးတံမဲ ဖောက်လှူဒါန်းသည်ဟု ဆိုပါသည်။

ပညာရေး၊ သာသနာရေးအထောက်အပံ့ ကုသိုလ်များအပြင် ရပ်ကွက်အတွင်းရှိ အသက် ၈၀ ကျော်အရွယ် ဘိုးဘွားတွေကိုလည်း ဆန်၊ ဆီ၊ ကြက်ဥ၊ အဝတ်အထည်နှင့် ငွေကြေးများ ထောက်ပံ့ လှူဒါန်းသည်။ ဘိုးဘွားရိပ်သာတွင်လည်း ဘဏ်စာ ရင်းဖွင့်၍ ထာဝရငွေပဒေသာပင် စိုက်ထူထားကြောင်း သိရသည်။

အဖွဲ့အစည်းလိုက်ဖြစ်စေ၊ အပေါင်းအသင်းများ စုပေါင်း၍ဖြစ်စေ အနာဂတ်သားကောင်းရတနာ ကျောင်းနေအရွယ်ကလေးများအား ထောက်ပံ့ကူညီကြသည်။ သာသနာအတွက် ဆွမ်းလောင်းအသင်းများက ဆွမ်းပစ္စည်းလေးပါး ထောက်ပံ့ကြသည်။ သက်ကြီးဘိုးဘွားများအား စောင့်ရှောက်ကြခြင်းသည် မန္တလေးချစ်စိတ်နှင့် ပရဟိတစိတ်ထက်သန်မှုကို ဖော်ကျူးနေသည်ဟု ဆိုရပါလိမ့်မည်။



**ခိုင်ဆက်ဝေ**

# ရုပ်ရှင်ကဏ္ဍ ရွှက်နဝေ

## 'ရယ်အော်လံ'

| | |
|---|---|
| သရုပ်ဆောင် | - စိုးမြတ်သူဇာ၊ နေဝင်း၊ တိုင်ရွှန်၊ ခင်လှိုင်၊ ခြူးလေး၊ နော်ဖေအယ်ထား |
| ဟာသသရုပ်ဆောင် | - ငှက်ပျောကြော်၊ မိုးဒီ၊ ဝါဝါအောင်၊ အေးသီတာ၊ စုရှိုင်း၊ သွက်လက် |
| ဒါရိုက်တာ | - ကိုဇော်(အရဏ်ဦး) |
| ရယ်အော်လံ | - ရုပ်ရှင်ဇာတ်လမ်းအကျဉ်း |

ဒီတစ်ပတ်မှာတော့ ရုပ်ရှင်ချစ်ပရိတ်သတ်တွေအတွက် ပေါ့ပေါ့ပါးပါးနဲ့ ရယ်မောဖွယ်ကောင်းတဲ့ အချစ်ဟာသဇာတ်မြူးကားဖြစ်တဲ့ 'ရယ်အော်လံ' ရုပ်ရှင်ဇာတ်ကား ပြသနေပါသည်။

ဇာတ်ကားထဲမှာ နာမည်ကြီးရုပ်ရှင်မင်းသမီးဖြစ်တဲ့ စိုးမြတ်သူဇာ၊ နေဝင်း၊ တိုင်ရွှန်၊ ခင်လှိုင်ခြူးလေး၊ နော်ဖေအယ်ထား၊ ငှက်ပျောကြော်၊ မိုးဒီ၊ ဝါဝါအောင်၊ အေးသီတာ၊ စုရှိုင်း၊ သွက်လက် ဟာသသရုပ်ဆောင်များစွာ ပါဝင်ထားပါတယ်။

'ရယ်အော်လံ' ရုပ်ရှင်ဇာတ်ကားကို ဒါရိုက်တာ ကိုဇော် (အရဏ်ဦး)၊ ဇာတ်လမ်းဇာတ်ညွှန်းကို သက်ဦးမောင်၊ ရိုက်ကွင်းဇာတ်ညွှန်းကို မင်းကိုစိုး (နတ်သံကွင်း)တို့က ရုပ်ကွက်တွင်းက လူဆိုး၊ လူငယ်၊ မိသားစုတွေအကြောင်းကို ဟာသဇာတ်မြူးအဖြစ် ရိုက်ကူးပုံဖော်ထားပါတယ်။

သမီးနှစ်ယောက်နှင့်ပတ်သက်ပြီး ဆတ်ဆတ်ထိမခံသူ ရပ်ကွက်ထဲ အော်လံဘွဲ့ရထားကာ တက္ကစီမောင်းသူ ဆရာမကြီးဒေါ်မိုးကြည်အဖြစ် အကယ်ဒမီစိုးမြတ်သူဇာ၊ သမီးနှစ်ယောက်၏ ဖခင်ဖြစ်သူ လက်ဖွေ့နည်းပြတစ်ဦးဖြစ်ပြီး လက်ဖွေ့သင်တန်းဖွင့်ထားသူ ဦးနန္ဒကျော်အဖြစ် ခင်လှိုင်၊ ရပ်ကွက်ထဲ နာမည်ကြီးရုံနဲ့ လူတိုင်းကကြောက်ရသူ 'ဇ' ရှိပြီး အမေက မွေးထောင်ကျွေးတဲ့ ဇိုးထွန်းလင်းအဖြစ် အကယ်ဒမီ နေဝင်း၊ မိခင်ရဲ့ ပိုက်ဆံအကြွေးများ လိုက်လံတောင်းပေးနေရသူ တစ်ကောင်တည်းပေမယ့် ခြသေ့ဆိုသူ ဇိုးငလှိုင်ကြီး (ခေါ်) လှိုင်သာယာအဖြစ် တိုင်ရွှန်၊ မိဖုရားဖြစ်ချင်တာမဟုတ်ဘူး ဘုရင်မဖြစ်ချင်တာဆိုသူ ကိုယ်ချစ်ရတဲ့ယောကျ်ားကိုသာ ယူနိုင်မယ်လို့ ဆုံးဖြတ်ထားကာ အချစ်ကိုရှေ့တန်းတင်သူ နုနုဆွေအဖြစ် ခြူးလေး၊ ဈေးထဲတွင် ငါးရောင်းကာ ဆတ်ဆတ်ထိမခံ အော်ကြောလန်အောင်စွာသူ ပိုက်ဆံမှလွဲပြီး ဘယ်အရာမှ စိတ်မဝင်စားသူ စန်းစန်းတင့်အဖြစ် နော်ဖေအယ်ထားတို့က တွဲဖက်ညီစွာ ပျော်ပျော်ရွှင်ရွှင် ဟာသဇာတ်မြူးတစ်ကားအဖြစ် ပုံဖော်ရိုက်ထားပါတယ်။

လူငယ် အချစ်ဟာသဇာတ်မြူးဖြစ်တာကြောင့် ဟာသကား နှစ်သက်သူတွေအတွက်တော့ တကယ်ကို ကြည့်ရှုဖို့ကောင်းတဲ့ ဇာတ်ကားတစ်ကားဖြစ်ပါတယ်။ 'ရယ်အော်လံ' ဇာတ်ကားကို မန္တလေးမြို့မှာဆိုရင်တော့ ဝင်းလိုက်၊ Mingalar Cinema Central Point, Mingalar Masoeyein Complex, Mingalar Cinema Yama (Amarapura) ရုပ်ရှင်ရုံတွေမှာ သွားရောက်ကြည့်ရှုနိုင်ပါတယ်။




## ၂၀၂၄ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော် ပြုလုပ်

**လားရှိုး ဇွန် ၂၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးခရိုင်၊ လားရှိုးမြို့နယ်တွင် သစ်တောဦးစီးဌာနက ကြီးမှူး၍ ၂၀၂၄ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ဇွန် ၂၇ ရက် နံနက်ပိုင်းက လွယ်ငူးကြိုးဝိုင်း၊ ရေကန်တောင်၊ ကန်အမှတ်(၄) အနီးတွင် ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့ခွဲ ရှမ်းပြည်နယ်(မြောက်ပိုင်း)ဥက္ကဋ္ဌ ဦးမြင့်သန်းဝင်းက သစ်ပင်စိုက်ပျိုးပွဲတော် ပြုလုပ်ရခြင်းနှင့်စပ်လျဉ်း၍ အမှာစကား ပြောကြားသည်။



ထို့နောက် သစ်ပင်စိုက်ပျိုးပွဲတော်သို့ တက်ရောက်လာသော ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့အစည်းများ၊ တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့များ၊ဒေသခံပြည်သူများက သတ်မှတ်နေရာများတွင် သစ်ပင်များစိုက်ပျိုးကြပြီး တာဝန်ရှိသူများက စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

အဆိုပါ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်တွင် ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ်လျော့ပါးစေရန်၊ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေပြီး ရာသီဥတု ညီညွတ်မျှတမှုရှိစေရန်၊ သစ်တောသစ်ပင်များကို ချစ်ခင်မြတ်နိုးတတ်စေပြီး သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောထိန်းသိမ်းခြင်းလုပ်ငန်းတို့တွင် ပြည်သူများပူးပေါင်းပါဝင် ဆောင်ရွက်လာစေရန် ရည်ရွယ်၍ ဒေသနှင့်ကိုက်ညီသည့် မန်ကျည်း၊ မယ်ဇလီ၊ ရေသင်းဝင်၊ စိန်ပန်းပြာ၊ ခါတော်မီ၊ ယမနေ၊ ချယ်ရီ၊ ခရေ ဟူသည့် ပျိုးပင်ပေါင်း ၁၁၀၀ ကို ပြည်သူလူထုအင်အား ၉၀၀ ဦးတို့က တပျော်တပါး စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**ကျော်စောဦး(မောရှမ်းမြေ)**






ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## နိုင်ငံတော်ပန်းတိုင်

* တို့မြန်မာ လူငယ်များ
အစဉ်ကြိုးစား တိုးတက်ရန်
ပညာကို စနစ်တကျ
သင်ကြမှန်မှန် ။

* ကိုယ့်လူမျိုး တိုးတက်ရန်
လူကြီးမှာ တာဝန်ရှိ
လူငယ်ကို လက်ဆင့်ကမ်းကာ
ပျိုးထောင်ပါဘိ ။

* မျိုးဆက်သစ်တို့ တာဝန်တွေဟာ
ထမ်းရွက်မသွေခိုင်မြဲ
နိုင်ငံတော် ပန်းတိုင်ကောင်းအောင်
ထိန်းကျောင်း ဆင်နွှဲ ။ ။

**မောင်မောင်လင်းထွဋ်(နန်းတော်ရှေ့)**

## မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် အားကစားဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပ

**မန္တလေး ဇွန် ၂၈**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ CEA ကိုယ်ပိုင်အထက်တန်းကျောင်း၌ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနတို့ ပူးပေါင်း၍ မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် အားကစားဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇွန် ၂၇ ရက်က ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ CEA ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးဇော်မင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန အားကစားမှူး ဦးရိုးမွန်က လူငယ်နှင့်အားကစားအကြောင်း သိကောင်းစရာများကို အကျယ်တဝင့် ပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမြင့်သိန်းစိုးက မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း ပြောကြားရာတွင် ကျောင်းနေစဉ်အရွယ် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ကျောင်းစာကိုသာ အာရုံစိုက် လေ့လာသင်ယူသင့်ကြောင်း၊ လူကို မူးယစ်ထုံမှိုင်းစေသော မူးယစ်ဆေးဝါးများကို စမ်းသပ်မသုံးစွဲသင့်ကြောင်း၊ စတင်သုံးစွဲမိလျှင် လူ့ဘဝတွေ ပျက်စီးဆုံးရှုံးနိုင်ကြောင်း စသည့်အကြောင်းအရာများကို ပြောကြားပြီးနောက် အားကစားပစ္စည်းများနှင့် ကျောင်းစာကြည့်တိုက်အတွက် ဂျာနယ်စာစောင်များကို လှူဒါန်းရာ ကျောင်းအုပ်ကြီးမှ လက်ခံရယူခဲ့သည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူ၊ လူငယ်၊ လူရွယ်များက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များနှင့် နံရံကပ်စာစောင်များအား စိတ်ပါဝင်စားစွာ ကြည့်ရှုခဲ့ကြောင်း သိရသည်။

**(ဝဲပုံ)(ဝ၅၆)**

# နိုင်ငံတကာ အားကစား သတင်းများ




## Huang Zito ၏ The Soul Land Game ကြော်ငြာထွက်ရှိလာ

တရုတ်အနုပညာရှင်၊ကုမ္ပဏီ ပိုင်ရှင်၊ အိမ်ဖိုအဖွဲ့ဝင်ဟောင်း ဟွမ်ဇီတာအို၏ The Soul Land game ကြော်ငြာထွက်ရှိလာရာ ပရိသတ်စိတ်ဝင်စားမှု မြင့်မားစွာ ရရှိခဲ့သည်ဟု ဝိန်ဘိုအတ်ဒိတ်တွင် ဖော်ပြသည်။

ဟွမ်ဇီတာအိုသည် အဆိုတော်၊ သရုပ်ဆောင်၊ မော်ဒယ်လ်၊ ကုမ္ပဏီပိုင်ရှင်တစ်ဦးဖြစ်ပြီး အနုပညာလုပ်ငန်းများနှင့် အချိန်ပြည့် နေသည့်ကြားမှ လူမှုရေးလုပ်ငန်းများတွင်လည်း ပါဝင်လုပ်ကိုင်နေသူဖြစ်သည်။

ဆံပင်စတိုင်လ်သစ်၊ ဖက်ရှင်စတိုင်လ်သစ်နှင့် ဟွမ်ဇီတာအိုမှာ နုပျိုလန်းဆန်းနေကာ ရသစုံလင် အစီအစဉ်များစွာနှင့် ကြော်ငြာများစွာကို လက်ခံရိုက်ကူးနေသည်။

အိမ်ဖိုအဖွဲ့မှ ထွက်ခဲ့ပြီးနောက် တရုတ်အနုပညာလောကတွင်လည်း အောင်မြင်မှုများ သိမ်းပိုက်ထားကာ လက်ရှိအချိန်အထိ ကြော်ငြာရိုက်ကူးနေဆဲဖြစ်သည်။

(SKY)

## Shah Rukh Khan ၏ ချမ်းသာကြွယ်ဝမှုမှာ ကမ္ဘာ့အချမ်းသာဆုံးဆယ်ဦးစာရင်းဝင်ဖြစ်

ကမ္ဘာ့အချမ်းသာဆုံး အမျိုးသားသရုပ်ဆောင်ဆယ်ဦးစာရင်းဝင် ဘောလိဝုဒ်ဘုရင် ရှာရွတ်ခန်သည် စတုတ္ထအဆင့်တွင်ရှိသည်ဟု ဘောလိဝုဒ်အတ်ဒိတ်တွင် ဖော်ပြသည်။

၂၀၂၄ ခုနှစ် ဧပြီနှင့်မေလ လေ့လာချက်စစ်တမ်းအရ ကမ္ဘာ့အချစ်သာဆုံးအမျိုးသားသရုပ်ဆောင် ဆယ်ဦးစာရင်းတွင် ရှာရွတ်ခန်က အိန္ဒိယရူပီး ၆၃ ဘီလျံဝန်းကျင်နှင့် စတုတ္ထ၊ ဟောလိဝုဒ်သရုပ်ဆောင် နိုင်ငယ်ဂွန်ဆန် The Rock က တတိယနေရာ ပိုင်ဆိုင်ထားသည်။



ရှာရွတ်ခန်သည် ၂၀၁၀ ခုနှစ်တွင် အိန္ဒိယရူပီး ၁၅ ဘီလျံသာရှိခဲ့ရာမှ အနုပညာကြေးများ၊ ရုပ်ရှင်ထုတ်လုပ်သည့် ကုမ္ပဏီ Red Chillie အင်တာတိန်းမင့်များမှ အမြတ်အစွန်းများစွာ ရရှိထားသည်။

မော်ဒယ်လ်မြင့်ကားများ စုဆောင်းမှုကို ဝါသနာပါပြီး ကိုယ်ပိုင်ဂျက်လေယာဉ်၊ ခရစ်ကတ်အသင်း Kolkata Knight Riders ကို တစ်စိတ်တစ်ဒေသပိုင်ဆိုင်ကာ Mannat အိမ်တော်ကြီးတွင် နေထိုင်သူဖြစ်သည်။

(SKY)



## ရက်ရောသူတို့၏ အာရုံဖြစ်စဉ်ထူးခြားပုံအကြောင်း နယ်သာလန်သိပ္ပံပညာရှင်များ ဖော်ထုတ်တွေ့ရှိ

လူ့ဦးနှောက်ထဲရှိ အာရုံဆဲလ်များနှင့်ပတ်သက်၍ နယ်သာလန်နိုင်ငံမှ ကာလီယိုပီလွှမ်ပါနှင့် ဆေလင်းဂယ်လိုဦးဆောင်သော အာရုံကြောဗေဒသိပ္ပံပညာရှင်များ မကြာသေးမီက ဆန်းစစ်လေ့လာခဲ့ကြသည်။

ယင်းအာရုံဆဲလ်များနှင့် ရက်ရောမှုအကြား ဆက်နွယ်ပတ်သက်မှုအကြောင်းကို ၄င်းတို့ အထူးပြုလေ့လာကြခြင်းဖြစ်သည်။

ထိုသို့လေ့လာရာမှ ပရဟိတ စိတ်ဓာတ်ရှိသူများ၊ သူတစ်ပါးကို ကူညီစောင်မလိုသူများ၏ ဦးနှောက်အတွင်းရှိ အာရုံဆဲလ်များသည် ကြေးမုံအသွင်ဖြင့် တုံ့ပြန်ရာမှ အခြားသူများထက်ပို၍ ထူးခြားနေခြင်းဖြစ်ကြောင်း ဖော်ထုတ်တွေ့ရှိခဲ့သည်။

တစ်ပါးသူ၏ အခက်အခဲနှင့် ဒုက္ခကို ကြေးမုံပမာ ထင်ဟပ်ခံစားနားလည်နိုင်သော အာရုံဖြစ်စဉ်ကြောင့် ရက်ရောလိုစိတ်နိုးကြားလာခြင်းဖြစ်ကြောင်း သိရသည်။

(SCI)

## Jung Woo Jin က Beings Youth တွင် ပါဝင်၍ အကြိုက်ဆုံးအနုပညာရှင်ကို ပြောကြားထား

ဒရမ်မာစီးရီးအဖြစ် HYY-Hera ကို အခြေခံ၍ BTS Save Me Web ကို ရိုက်ကူးထားသည့် Being Youth တွင် ပါဝင်ထားသော မင်းသား ဂျောင်ဝူဂျင်က သူ၏အကြိုက်ဆုံး အနုပညာရှင်ကို ပြောကြားထားသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဂျောင်ဝူဂျင်ကို ပရိသတ်တစ်ဦးက အကြိုက်ဆုံးအနုပညာရှင်ကို မေးမြန်းထားရာ ဘီတီအက်စ်အဖွဲ့မှ ဂျောင်ကုကို အကြိုက်ဆုံးဖြစ်ပြီး ဂျောင်ကုသီချင်းများထဲမှ Standing Next to You ကို



အနှစ်သက်ဆုံးဟု သူ၏အင်စတာဂရမ်မှတစ်ဆင့် ပြန်ဖြေပေးထားသည်။

အဆိုပါဇာတ်လမ်းတွင် လူငယ်လေးခုနစ်ဦး၏ အကြောင်း ပုံဖော်ထားရာ ဂျောင်ဝူဂျင်းလည်း ပါဝင်ခဲ့ပြီး ကင်ဂျူဟွာအဖြစ် ပါဝင်သရုပ်ဆောင်ထားသည်။

တောင်ကိုရီးယားမင်းသားများ၏ အချစ်တော်မှာ ဂျောင်ကုဖြစ်သည်ကိုတွေ့ရ၍ ပရိသတ်အားပေးထားကြသည်။

(SKY)

## Luo Yunxi က Follow Your Heart စာနယ်ဇင်းပွဲ တက်ရောက်လာ

တရုတ်အနုပညာကြယ်တစ်ပွင့်ဖြစ်သည့် လောင်ရန်ရှီးက Follow Your Heart ဇာတ်လမ်းမကြာမီ ပြသမည်ဖြစ်၍ သတင်းနှင့်စာနယ်ဇင်းပွဲသို့ တက်ရောက်လာခဲ့သည်။

အဆိုပါဇာတ်ကား မကြာမီ ပြသမည်ဖြစ်၍ မင်းသားလောင်ရန်ရှီး၊ မင်းသမီးဆောင်ရီးတို့နှင့်အတူ အဖွဲ့သားများ စုံညီစွာ သတင်းနှင့်စာနယ်ဇင်းရှင်းလင်းပွဲသို့ တက်ရောက်ခဲ့ကြသည်။

ယင်းဇာတ်ကားမှာ ကြိုတင်ကြည့်ရှုရန်စာရင်းသွင်းသူနှစ်သန်း ပြည့်သွားပြီးဖြစ်ပြီး ပရိသတ်များက လောင်ရန်ရှီးကို အထူးအားပေးထားကြသည်။

လောင်ရန်ရှီးကလည်း ပရိသတ်များအတွက် အကောင်းဆုံးကြိုးစားထားကာ ယင်းပွဲတော်သို့ ဖက်ရှင်စတိုင်လ်သစ်နှင့် တက်ရောက်ဂုဏ်ပြုပေးထားသည်။

(SKY)




## Liu Ye Fei က The Tales of Rose ဇာတ်လမ်းတွဲရိုက်ကူးပြီးစီး

မင်းသမီး လျူရီဖိန်းနှင့်မင်းသား လင်ဂေါင်ရှင်တို့ ပါဝင်ထားသည့် The Tables of Rose ဇာတ်လမ်းတွဲရိုက်ကူးပြီးစီးသွားပြီဖြစ်၍ ရိုက်ကူးရေးအဖွဲ့သားများ နှုတ်ဆက်ပွဲကျင်းပခဲ့ကြသည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဇာတ်လမ်းတွဲတွင် လျူရီဖိန်းနှင့် လင်ဂေါင်ရှင်တို့ အဓိကပါဝင်ထားကြပြီး ဇာတ်ပို့ဇာတ်ရံများစွာနှင့် ပုံဖော်ထားသည့် နှင်းဆီတစ်ပွင့်၏ အရသာအကြောင်းဖြစ်သည်။




လျူရီဖိန်းသည် Mao Yan Data တစ်ပတ်အတွင်း အကျော်ကြားဆုံးအနုပညာရှင်စာရင်းတွင် ပါဝင်ထားသကဲ့သို့ လင်ဂေါင်ရှင်ကလည်း စာရင်းဝင်ဖြစ်ခဲ့ရာ နှစ်ဦးသားအတူ ပါဝင်ထားသည့်အတွက် ပရိသတ်စိတ်ဝင်စားမှု ရရှိထားသည်။

လျူရီဖိန်း၏ ချောမောလှပမှုနှင့်သရုပ်ဆောင်စွမ်းရည်ပြည့်ဝမှုကို The Tales of Rose တွင် မြင်တွေ့ကြရဦးမည်ဖြစ်၍ ပရိသတ်စောင့်မျှော်နေကြသည်။

(SKY)

## Laufey icelandic Chinese အဆိုတော်၊ တေးရေး၊ ထုတ်လုပ်သူက V ကို သဘောကျ

တရုတ်မျိုးနွယ်စု ပန်းသေးလူမျိုးအနုပညာရှင် အဆိုတော်၊ တေးရေး၊ တေးဆို၊ ထုတ်လုပ်သူ လောင်ဖီက အင်တာဗျူးတစ်ခုတွင် ဘီတီအက်စ်အဖွဲ့ဝင် ဗွီ (ခေါ်) ကင်ထယ်ယောင်းကို ကေပေါ့ပ်လောကတွင် သဘောကျဆုံးဖြစ်သည်ဟု ထုတ်ဖော်ပြောသွားသည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



အဆိုတော်၊ တေးရေး၊ တေးဆို၊ ထုတ်လုပ်သူ လောင်ဖီက လွန်ခဲ့သည့်နှစ်နှစ်က ကေပေါ့ပ်ပထမဦးဆုံးစိတ်ဝင်စားအာရုံစိုက်မိသူမှာ ဘီတီအက်စ်မှ ဗွီဖြစ်သည်ဟု အင်တာဗျူးတွင် ပြောကြားခဲ့သည်။

ဆက်လက်၍ စိတ်ဝင်တစားအာရုံစိုက်မိသည့်ပုဂ္ဂိုလ်မှာ ဗွီဖြစ်ပြီး သူက Jazz ဂီတကို ကြိုက်နှစ်သက်သဖြင့် သူကလည်း Jazz ဂီတကြိုက်သူဖြစ်သဖြင့် နှစ်ဦးသား Jazz Music အကြောင်း ပြောဖြစ်ခဲ့ကြသည်ဟု ထပ်ဆင့်ပြောကြားခဲ့သည်။

ဗွီသည် ကေပေါ့ပ်လောကတွင် အကြီးဆုံး Sensation ကို သယ်ဆောင်၍ Jazz Music ကို အခြေခံကာ တစ်ခေတ်ပြန်ထအောင် ပြုလုပ်ခဲ့ကာ ဂီတခွေမထွက်သေးသော်လည်း နားမည်ရနေသူဖြစ်သည်။

(SKY)

# တာဝန်ထမ်းကြသည်ဆိုရာဝယ်

နိုင်ဗလ

(၂၆-၆-၂၀၂၄)ရက်မှ အဆက်

ဖခင်ဖြစ်သူ Operation ဝင်ရမည်ဖြစ်သဖြင့် ခါတိုင်းနေ့ထက်ပို၍ မြန်ဆန်သွက်လက်စွာ လုပ်ငန်းများဆောင်ရွက်သည်။ ည ၁၂ နာရီကျော်မှ ခုံတန်းလျားလေးပေါ်တွင် အိပ်ဖြစ်သည်။ နံနက် ၄ နာရီ မထိုးခင်ထ၍ ဆန်ပြုတ်တိုက် ရေတိုက်သည်။ ၄ နာရီထိုးသည်နှင့် အစာရေစာ ဖြတ်ရသည်။ ဖခင်ဖြစ်သူအား ခေတ္တပြန်အိပ်စေပြီး နံနက်စာ လက်ဖက်ရည်နှင့် မုန့်စားသည်။ ၅ နာရီမှစ၍ ဝါ့ဒ်ထဲမှ လူနာများကို အဖျားတိုင်း၊ သွေးပေါင်ချိန်ချော့ဒ်သွင်း စတင်ဆောင်ရွက်သည်။ ဆေးထည့်လူနာများကို ယနေ့ကူညီဆောင်ရွက်ပေးခြင်း မပြုနိုင်တော့။ မနေ့က ခွဲစိတ်ထားသော လူနာဖြစ်သည့် ဆာဂျင်ကလပ်လေးကနာ၍ ညည်းနေသည်။ ဆေးထားသည့် အံဆွဲကို ဖွင့်ကြည့်မိသည်။ ဆေးသောက်မထား၊ လူနာစောင့်ကို မေးရာ ဆေးမသောက်ဟု ဆိုသည်။ ဖခင်အတွက် ဝယ်ပေးထားသောဆန်ပြုတ်ထဲမှ တစ်ဝက်ကိုယူ၍ ချက်ချင်း ဆေးသောက်ခိုင်းရသည်။ ဒီလူနာနည်းနည်း ဂျစ်ကပ်ကပ်နိုင်သည်။ ရေချိုးခတ်ဘူးထဲ ရေနွေးနည်းနေသဖြင့် ရေနွေးဖြည့်ဖို့ သွက်သွက်အပြင်ထွက်လာခဲ့သည်။

ပန်းခြံထဲမှ အုတ်ခင်းလမ်းလေးအတိုင်း ဓာတ်ဘူးကိုင်၍ သွက်သွက် သွားသည်။ ပန်းခြံထဲတွင် လူတစ်ဦးလမ်းလျှောက်နေသည်ကို တွေ့ရသည်။ ထိုသူနှင့် ဆုံသည်။ ချက်ချင်း ဘေးကပ်၍ ရပ်ပေးလိုက်သည်။ နှုတ်ကလည်း သွားပါခင်ဗျာဟု ပြောလိုက်မိသည်။ ထိုသူက ပြုံး၍ 'ငါ့သားသွားပါ ဘေးဖယ်ပေးရမှာပေါ့၊ သားက အလုပ်တွေများနေတာ သွားသား အရင်သွား' ဟု ဆိုသည်။ ခေါင်းငုံ့၍ 'ဟုတ်' ဟုဆိုကာ သွက်သွက်ထွက်လာခဲ့သည်။ ထိုသူမှာ နိုင်ငံတော်သမ္မတကြီးဦးစန်းယု(ငြိမ်း)ဖြစ်သည်။ တည်ကြည်ခံ့ညားသောမျက်နှာ၊ ပိရိသေသပ်သော နှုတ်ခမ်းဖြင့် ထူးခြားသော ရုပ်ရည်သွင်ပြင် ရရှိသူဖြစ်သည်။ သူ၏နှုတ်ခမ်းမှာ ပိရိသေသပ်စွာစေ့ထားသော်လည်း အမြဲပြုံးယောင်သန်းနေသည်ဟု ခံစားမိသည်။ သပ်ရပ်စွာဖြီးထားသော ဆံပင်နှင့် စူးရှသည့်မျက်ဝန်းများကလည်း ထူးခြားလှသည်။ နိုင်ငံတော်သမ္မတတာဝန်ကို ထမ်းဆောင်စဉ်က သူ၏ပုံတူခဲပန်းချီကို ဆွဲခဲ့ဘူးသည်။ သမ္မတကြီးဦးစန်းယု၏ပုံကို စိတ်ပါလက်ပါဖြင့် ဆွဲခဲ့ရာ နှစ်ရက်ခန့် ကြာမြင့်ခဲ့သည်။ ထိုပုံမှာလည်း မိမိဆွဲခဲ့သမျှတွင် စိတ်တိုင်းအကျဆုံးပုံဖြစ်သည်။ မိမိတတ်သမျှဖြင့် ဆွဲခြင်းဖြစ်၍ ပန်းချီနည်းပညာလိုအပ်နေသော်လည်း ပုံတူပန်းချီကားတစ်ချပ်အနေဖြင့် ကြည့်၍တင့်တယ်လှသောကြောင့် ကျောင်းရုံးခန်းတွင် ကပ်ထားပေးခဲ့ဘူးသည်။ ဦးစန်းယုသည် လွန်ခဲ့သော ၃ ရက်ခန့်က ဆေးရုံလာတက်သည်ကို သိထားသည်။ ဖခင်ဖြစ်သူအခန်း၏ အပေါ်ထပ်တည့်တည့်အခန်းတွင် တက်နေသည်။ နံနက်၊ ညနေ လမ်းလျှောက်ဆင်းရင်း ဆေးရုံတွင် ကျွန်တော်တို့ လုပ်ကိုင်ဆောင်ရွက်နေသမျှတစေ့တစောင်း ကြည့်သွားတတ်သည်။ နောက်နေ့ ထိုပန်းခြံတွင်း၌ မျက်နှာချင်းဆိုင်တွေ့ပြန်သည်။ 'သားက သူနာပြုလား' ဟုမေးရာ သူနာပြုမဟုတ် လူနာစောင့်ဖြစ်ကြောင်း ဖခင်ဖြစ်သူကို လိုက်လံစောင့်ရှောက်ရင်း ဆေးရုံတွင်ကူညီပေးနေခြင်းဖြစ်ကြောင်း ပြောခဲ့သည်။ ကျောင်းတက်နေဆဲဖြစ်ပြီး အလုပ်လုပ်ရင်း ကျောင်းတက်နေကြောင်း မိဘ၏ ပင်စင်ငွေဖြင့် မသုံးလို၍ မန္တလေးတွင်သာလုပ်ရင်း ကျောင်းတက်နေကြောင်းဖြေရာ သာခုသုံးကြိမ်ခေါ်၍ 'မိမိအတွက်ဖြစ်စေ၊ မိမိ မိသားစုအတွက်ဖြစ်စေ၊ အဖွဲ့အစည်းအတွက်ဖြစ်စေ၊ နိုင်ငံတော်အတွက်ဖြစ်စေ စိတ်ကောင်းစေတနာကောင်းနဲ့ ရိုးရိုးသားသား ကြိုးကြိုးစားစား ဆောင်ရွက်တာဟာ အကောင်းဆုံးတာဝန်ထမ်းဆောင်ခြင်းဖြစ်တယ် အဲ့ဒီအခြခံကောင်းလေးသာ နိုင်ငံသားအားလုံးမှာရှိရင် နိုင်ငံတော်ကြီးက အေးချမ်းသာယာနေမှာ အဲဒီလို အကောင်းဆုံးတာဝန်ထမ်းဆောင်နိုင်ဖို့ လူငယ်တွေကို လေ့ကျင့်ပေးရမယ်' ကြိုးစားပါ ငါ့သားဟု ဆုံးမသာခုခေါ်ပေးခဲ့သည်။ နိုင်ငံ့ဥသျှောင်ဖြစ်ခဲ့သူတစ်ဦးက မိမိတစ်ဦးတည်းကို ဆုံးမဩဝါဒပေးခြင်း သာခုခေါ်ခဲ့ခြင်းအတွက် ယခုအချိန်ထိ ဂုဏ်ယူကျေနပ်နေခဲ့သည်။ ထိုစဉ်မှစ၍ မိမိကိုင်ဆောင်သုံးစွဲသော မှတ်တမ်းမှတ်စုစာအုပ်တိုင်းတွင် နိုင်ငံတော်သမ္မတကြီး(ငြိမ်း)ဦးစန်းယု ပြောခဲ့သောစကားကို စာအုပ်၏ပထမစာရွက်တိုင်းတွင် ရေးသားထားခဲ့သည်မှာ ယနေ့တိုင် အလေ့အကျင့်တစ်ခုလို ဖြစ်နေပေပြီ။

ဆေးရုံပေါ်သို့ရောက်သည်နှင့် ဖခင်အတွက် ခွဲစိတ်ခန်းဝင်ရန် အင်္ကျီလဲ ခေါင်းပေါင်းပြင်ဆင်၍ ဆေးတပ်သားနှင့်အတူ နှာခေါင်းပိုက်တပ်ခြင်းများ ဆောင်ရွက်သည်။ အခြားသောခွဲစိတ်ခန်းဝင်မည့် သူများအတွက်လည်း ကူညီပြင်ဆင်ရင်း လူနာများကို ပျော်ပျော်ရွှင်ရွှင် စနောက်စကားပြောဆိုရင်း စိုးရိမ်စိတ် ကြောက်စိတ်အာရုံများကို အတတ်နိုင်ဆုံး ဖြေဖျောက်ပေးသည်။ တွန်းလှည်းများကို သူနာပြုများနှင့်အတူ တွန်း၍ အလှည့်ကျခွဲစိတ်ခန်းသို့ သွင်းပေး၊ ထွက်လာသည့်လူနာကို စနစ်တကျရွှေ့ပြောင်း၍ ဆေးပုလင်း၊ သွေးပုလင်းများကို စစ်ဆေးဆောင်ရွက်ပေးသည်။ ခွဲစိတ်ပါရဂူ(အသစ်ရောက်လာသော ပိုးထိလူနာနှင့်ပတ်သက်၍ ကျေနပ်သောကြောင့် မုန့်ဖိုးပေးခဲ့သူ)က ထွက်လာ၍ အရေးကြီးအစီအစဉ်ပြောင်း လူနာစာရင်းကိုပြောရင်း 'သားအဖေ ပါပြီလား' ဟုမေးရာ ပါပြီဟု ဖြေလိုက်သဖြင့် ကြိုးစားပေးမယ် သားဟု အားပေးပြီး ခွဲစိတ်ခန်းပြန်ဝင်သွားသည်။ မိမိက အားလုံးကိုဂရုတစိုက်ဖြင့် လိုအပ်သည့်တာဝန်ထမ်းဆောင်ပေးသဖြင့် ပါရဂူကြီး ကိုယ်တိုင်အရေးတယူပြု ဆက်ဆံအားပေးခြင်း အကျိုးခံစားရသည်။ ကျေနပ်ဖွယ် ကောင်းလှပေသည်။ ထိုနေ့က ဖခင်အပါအဝင် အရေးကြီး လူနာ ၁၅ ဦး ခွဲခန်းဝင်ရာ အားလုံး အဆင်ပြေချောမွေ့စွာဖြင့် ပြီးစီးခဲ့သည်။

> မိမိအတွက်ဖြစ်စေ၊ မိမိ မိသားစုအတွက်ဖြစ်စေ၊ အဖွဲ့အစည်းအတွက်ဖြစ်စေ၊ နိုင်ငံတော်အတွက်ဖြစ်စေ စိတ်ကောင်းစေတနာကောင်းနဲ့ ရိုးရိုးသားသား ကြိုးကြိုးစားစား ဆောင်ရွက်တာဟာ အကောင်းဆုံးတာဝန်ထမ်းဆောင်ခြင်းဖြစ်တယ် အဲ့ဒီအခြခံကောင်းလေးသာ နိုင်ငံသားအားလုံးမှာရှိရင် နိုင်ငံတော်ကြီးက အေးချမ်းသာယာနေမှာ အဲဒီလိုအကောင်းဆုံး တာဝန်ထမ်းဆောင်နိုင်ဖို့ လူငယ်တွေကို လေ့ကျင့်ပေးရမယ်။

ခွဲစိတ်ခန်းမှထွက်လာသော ဖခင်ကြီးသည် သွေးသွင်းပုလင်း တန်းလန်းနှင့် ဖြစ်သည်။ ဆီးအိတ်မှထုတ်သော ပိုက်နှင့်ပုလင်း၊ ဆီးအိမ်သို့ထည့်သော ပိုက်နှင့်ပုလင်းတို့ဖြင့် ရှုပ်ယှက်ခတ်နေသည်။ သူနာပြုနှစ်ဦးက လိုလေသေးမရှိ ပြင်ဆင်ပေးပြီး ဆေးပုလင်းတစ်ဖာ ယူလာ၍ ဆီးအိမ်ဆေးရန် ဆက်တိုက်ချိတ်ဖို့မှာသည်။ ကျွန်တော်လည်း လိုအပ်သည့် ပစ္စည်းအချို့ကို တောင်းယူပြီး ဖခင်ကြီး၏လုပ်ငန်းဆောင်တာမှန်သမျှ ဆေးသူနာပြုလှည့်ကြည့်စရာမလိုအောင် ဆောင်ရွက်သည်။ ထိုနေ့တစ်နေ့လုံး ဆေးပုလင်းလဲလိုက်၊ ဆီးပုလင်းလဲလိုက် မှတ်တမ်းသွင်း၊ အဖျားတိုင်း၊ သွေးပေါင်ချိန်တိုင်း၊ သွေးကုန်လျှင် သွေးပုလင်းအသစ်လဲ စသည်ဖြင့် ကိုယ်တိုင်ဆောင်ရွက်ခဲ့သည်။ ပါရဂူကြီးကလည်း လာကြည့်ပြီးမေးမြန်းသည်။ ဆောင်ရွက်ချက်များတင်ပြပြီး ဆက်လက်ဆောင်ရွက်ရမည့်အချက်များကို ပါရဂူကြီးအား မေးမြန်းမှတ်သားသည်။ 'ဆရာကြီးရဲ့ သားက ဆရာကြီးအတွက်သာမဟုတ်ဘူး ကျွန်တော်တို့လည်း အားကိုးရတဲ့သားပါဗျ' ဟု ပြောသွားသဖြင့် ဖခင်က ကျေနပ်ခဲ့သည်။ ဖခင်၏လုပ်ငန်း မကျွမ်းနစ်ပညာနှင့်ပတ်သက်လျှင်လည်း ကျောင်းပိတ်၍ ဝင်သောလုပ်ငန်းခွင်များအပြင် နို့ချက်စက်ရုံ(မန္တလေး)တွင်ဝန်ထမ်းလုပ်ရာ၌လည်း နာမည်ကောင်းရခဲ့သည်။ မိမိကိုသာမက ဖခင်ကိုပါ ချီးမွမ်းခံခဲ့ရသည်။ ဝန်ထမ်းတစ်ပိုင်း ကျောင်းသားတစ်ပိုင်းဘဝတွင် ဖခင်ပေးသော အတတ်ပညာ စွမ်းပြခွင့်ကြုံခဲ့သည်။ ယခုဆေးရုံတွင်မူ မိမိကိုယ်တိုင် လေ့လာသင်ကြားခဲ့မှုအစွမ်းဖြင့် မိမိကိုယ်တိုင်အတွက်သာမက ပတ်ဝန်းကျင်အတွက်ပါ အကျိုးပြုပေးနိုင်ခဲ့သည်။

ညနေပိုင်း နေဝင်ရီတရောအချိန်၌ တစ်ဖက်ခန်းမှ ဝမ်းပိုက်ပွင့်လူနာနှစ်ဦး ပျာယာခတ်ပြီး ရောက်လာသည်။ ညီလေးရေ လာခဲ့အုန်း ရေဘဲကြီးဘာဖြစ်နေမှန်း မသိဘူးဆို၍ ဖခင်အား နံဘေးမှအစောင့်ထံ ခေတ္တအပ်နှံပြီး အပြေးသွားရာ ဆရာဝန်၊ သူနာပြုများအလယ်တွင် အခြေအနေမကောင်းသော ရေတပ်မှ ရင်ဘတ်ပွင့်လူနာကို တွေ့ရသည်။ စကားမေးမရတော့၊ ဆရာဝန်က ချက်ချင်းခွဲခန်းဝင်မယ် ပြင်ကြတော့ဟုဆို၍ ပါရဂူကြီးထံ ဖုန်းဆက်သည်။ လူနာအား ခွဲခန်းသွင်းရန် အသင့်ပြင်ကြသည်။ ပါရဂူကြီး ချက်ခြင်းရောက်လာပြီး ခွဲခန်းဝင်သည်။ နာရီဝက်ခန့်တွင် ပါရဂူကြီးထွက်လာသည်။ မည်သူ့ကိုမျှ မကြည့်ပဲ ထွက်သွားသည်။ ခဏနေတော့ တွန်းလှည်းထွက်လာသည်။ ကျွန်တော်တို့က မျှော်လင့်ချက်များဖြင့် ပြေး၍ ကြည့်သည်။ သူနာပြုက စကားမပြော ခေါင်းခါသည်။ ဝမ်းပိုက်ပွင့်လူနာ ဆရာကြီးနှစ်ဦးက ရင်ကွဲသံကြီးဖြင့် အော်ဟစ်ငိုကြွေးလိုက်သည်။ ကျွန်တော်လည်း မျက်ရည်ကျသည်။ ရေခဲတိုက်ထဲ လိုက်ပို့လိုက်ကြသည်။ ည ၈ နာရီခွဲခန့်ရှိပြီ ဆေးရုံပေါ် ပြန်တက်ခဲ့သည်။ ည ၉ နာရီခွဲတွင် ပါရဂူကြီးပြန်လာသည်။ ကျွန်တော့်နားတွင်ရပ်၍ သူနာပြုကိုခေါ်သည်။ ဆရာကြီးကို ဂရုစိုက်ထားပေးပါ။ ဆရာကြီးသားကို ခေါ်သွားဦးမယ်ဟုဆိုကာ ကျွန်တော့်ကို ခေါ်၍ အောက်ဆင်းခဲ့သည်။ ဘယ်သွားမည်လည်း ကျွန်တော်မမေးခဲ့၊ ရေခဲတိုက်ထဲသို့ ဝင်သွားသည်။ ကျောက်စားပွဲပေါ်၌ ကျွန်တော့်မိတ်ဆွေ ရေတပ်သားကြီးက ပက်လက်၊ လာကွာပြန်စစ်ဆေးရအောင်ဟု ဆိုကာ ကျွန်တော့်အား လက်အိတ်ရင်စည်း၍ ခေါင်းစည်းများ ဝတ်ဆင်စေပြီး ပြန်လည်ခွဲစိတ်စစ်ဆေးမှုပြုသည်။ သူတောင်းသမျှ ဖော့ဆက်၊ ကတ္တိုင်ဒါ၊ ဓားမှအစ ဂွမ်းအဆုံး နှုတ်မှပြော၍ လက်ဖြန့်လိုက်သည်နှင့် လက်ထဲသို့ အဆင်သင့်ထည့်ပေးသည်။ ပါရဂူကြီးက စိတ်မကောင်းစွာ ပြောသည်။ 'ငါသေသေချာချာလုပ်ပေးထားတာကွာ၊ ဒီကောင် မဆင်ခြင်လို့ဖြစ်ရတာ ဒီမှာကြည့်စမ်း ချုပ်ရိုးက ဘယ်လောက်သပ်ရပ်လဲ' ဟု ကျွန်တော့်ကိုပြသည်။ ပြီးနောက် ဝမ်းပိုက်တွင်းမှ အရွက်ဖတ်များ၊ အသားစများ၊ ခေါက်ဆွဲဖတ်များကို ဆွဲထုတ်ပြသည်။ ဘေးမှဇလားတွင် ထည့်သည်။ အပြည့်။ 'ဒါကြေးအိုးကို တစ်ပွဲလုံးစားထားတာ၊ အစားအစာကို ပန်းကန်လုံးအသေးတစ်လုံးပဲစားဖို့ မှာထားရဲ့နဲ့ကွာ' ဟု မချိတင်ကဲ ရေရွတ်သည်။ အစာအိမ်ကွဲထွက် သေရတာကွဟုပြောပြီး လက်စသိမ်း၊ ဆေးကြော၍ ထွက်လာကြသည်။ အရေးပေါ်ခန်းအပြင် အခြားအခန်းများပါ လူနာများပြားပြီး သူနာပြုနည်းပါးနေချိန် ကူညီပေး၍ ကျေးဇူးတင်ကြောင်းနှင့် အားကိုးကြောင်းလည်း ပြောသည်။ ကျွန်တော် မပြန်မချင်း ဖခင် ဆေးရုံမဆင်းမချင်းနိုင်သည့်တာဝန်အား စေတနာအပြည့်ဖြင့် ကြိုးစားတာဝန်ထမ်းဆောင်ပေးမည်ဖြစ်ကြောင်း အဘဦးစန်းယု၏အမှာစကားကို သတိရလျှက် ပါရဂူကြီးအား ကတိပေးခဲ့ပေသည်။

(ဆက်လက်ဖော်ပြပါမည်။)

# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၆/ ၂၀၂၄)ကြိမ်မြောက် အစည်းအဝေးက လက်ရှိရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်း တိုးမြှင့်ခြင်းအပါအဝင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် သုံးခုကို ခွင့်ပြု



နေပြည်တော် ဇွန် ၂၈

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၆/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ်(၁၈) အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် ကော်မရှင် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဆောင်ရွက်ဆဲ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ၏ မတည်ငွေရင်းတိုးမြှင့်ခြင်းအပါအဝင် စက်မှုကဏ္ဍ၊ လျှပ်စစ်ဓာတ်အားကဏ္ဍ၊ သတ္တုတူးဖော်ရေးကဏ္ဍတို့မှ ပြည်တွင်း ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအသစ် သုံးခုကို ခွင့်ပြုပေးခဲ့ပြီး အဆိုပါ လုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှု ပမာဏမှာ အမေရိကန်ဒေါ်လာ ၈၉ ဒသမ ၁၄၆ သန်းနှင့် ကျပ် ၂၇၅၀၀ သန်းဖြစ်၍ ပြည်တွင်း အလုပ်အကိုင် အခွင့်အလမ်းပေါင်း ၂၀၆ ဦးကို ဖန်တီးပေးနိုင်မည် ဖြစ်သည်။

## ရင်းနှီးမြှုပ်နှံထား

၂၀၂၄ ခုနှစ် မေလကုန်အထိ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံ၊ ဒေသပေါင်း ၅၃ ခုအနက် ရင်းနှီးမြှုပ်နှံမှုအများဆုံး ပြုလုပ်သော နိုင်ငံ၊ ဒေသများမှာ စင်ကာပူနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့ဖြစ်ပြီး စီးပွားရေး ကဏ္ဍ ၁၂ ခု အနက် အများဆုံး ရင်းနှီးမြှုပ်နှံထားသည့် ကဏ္ဍများမှာ စွမ်းအင်ကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၂၈ ဒသမ ၄၇ ရာခိုင်နှုန်းဖြင့် လည်းကောင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၄ ဒသမ ၄၃ ရာခိုင်နှုန်းဖြင့် လည်းကောင်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၄၈ ရာခိုင်နှုန်းဖြင့်လည်းကောင်း ရင်းနှီးမြှုပ်နှံထားကြသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သည် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံသူများက တင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှုအဆိုပြုချက်များကို စိစစ်ခွင့်ပြုခြင်းကိုလည်းကောင်း၊ လက်ရှိဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံသူများ အတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဝန်ဆောင်မှုများကိုလည်းကောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ပံ့ပိုးကူညီဆောင်ရွက် ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# မိမိသဘောဆန္ဒအလျောက် ဆန္ဒပြုစာရင်းပေးသွင်းပြီး သင်တန်းတက်ရောက်ခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁) သင်တန်းဆင်းပွဲများ တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပပြုလုပ်

နေပြည်တော် ဇွန် ၂၈

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ကိုယ်တိုင်ပါဝင် ထမ်းဆောင်နိုင်ရေးအတွက် မိမိသဘောဆန္ဒအလျောက် စာရင်းပေးသွင်းပြီး သင်တန်းတက်ရောက်ခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁)သင်တန်းဆင်းပွဲ အခမ်းအနားများကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်များအလိုက် နယ်မြေခံ သင်တန်းကျောင်းများတွင်ကျင်းပပြုလုပ်သည်။

အဆိုပါ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁)သင်တန်းဆင်းပွဲ အခမ်းအနားများသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး သင်တန်းဆင်းပွဲတွင် သင်တန်းဆင်းစစ်ရေးပြ အစီအစဉ်အတိုင်း ဆောင်ရွက်ကြကာ ကတိသစ္စာခံယူခြင်းကို ဆောင်ရွက်သည်။

စာမျက်နှာ ၅ သို့ ❍



ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁)သင်တန်းဆင်းပွဲ ကျင်းပစဉ်။

# ယူရို ၂၀၂၄ ဥရောပဖလား ဘောလုံးပြိုင်ပွဲ ချန်ပီယံဆုအား ဆွတ်ခူးရန် အင်္ဂလန်အသင်း ရေပန်းစား




ဂျာမနီနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ယူရို ၂၀၂၄ ဥရောပဖလား ဘောလုံးပြိုင်ပွဲ ချန်ပီယံဆုအား ဆွတ်ခူးရန် အင်္ဂလန်အသင်းက ရေပန်းစားလျက်ရှိနေသည်။

အင်္ဂလန်အသင်းသည် အုပ်စုပွဲစဉ်များအပြီး ၁၆သင်းအဆင့် ပွဲစဉ်များထွက်ပေါ်ပြီးနောက် ပွဲစဉ်လမ်းကြောင်းချောင်သွားခြင်းကြောင့် ချန်ပီယံဆု ဆွတ်ခူးရန် ရေပန်းစားဆုံးဖြစ်လာခဲ့ခြင်းဖြစ်သည်။

ယူရို ၂၀၂၄ ဥရောပဖလား ချန်ပီယံဆုအား ဆွတ်ခူးရန် အင်္ဂလိပ်အသင်းကထိပ်ဆုံးနေရာမှ ရေပန်းစားခဲ့ပြီး ၎င်းနောက်တွင် စပိန်၊ အိမ်ရှင်ဂျာမနီနှင့် ပြင်သစ်အသင်းတို့က ရေပန်းစားနေခြင်းဖြစ်သည်။

အင်္ဂလန်အသင်းသည် ယူရို ၂၀၂၄ ဥရောပဖလား ဘောလုံးပြိုင်ပွဲ ၁၆သင်းအဆင့်တွင် ဆလိုဗက်ကီးယားအသင်းနှင့် တွေ့ဆုံနေပြီး ဇွန် ၃၀ရက် မြန်မာစံတော်ချိန် ည ၁၀နာရီ ၃၀မိနစ်အချိန်တွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

ထို့ကြောင့် အင်္ဂလန်အသင်းအနေဖြင့် လက်ရှိ ရေပန်းစားနေသည့်အတိုင်း ယူရို ၂၀၂၄ ဥရောပဖလား ဘောလုံးပြိုင်ပွဲ ချန်ပီယံဆုကို ဆွတ်ခူးသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်သွားရဦးမည်ဖြစ်သည်။

နိုင်ကမ္ဘာ